ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်၊ အင်္ဂါနေ့၊ (22-1-2008) (၅၅၇၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးပါ နိုင်ငံတော်စက်မှုကဏ္ဍရော ပုဂ္ဂလိကစက်မှုကဏ္ဍပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အားပေးနေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဆည်စက်မှုနယ်မြေ စက်ရုံများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအပြီးတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စက်မှုလယ်ယာ ဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်ကုန်း) ကျောက်ဆည်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၉ ရက် နံနက် ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအပြီး တွင် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံရှိ ထုတ်ကုန်ပစ္စည်းပြခန်း၌ ပြသထားသော စက်ရုံမှထုတ်လုပ်သည့် စတီးလ်မတ်ခွက်၊ စတီးလ်ထမင်းချိုင့်များ၊ စတီးလ်ခက်ရင်းနှင့် ဇွန်းများ၊ စတီးလ်ဒယ်အိုးများ၊ စတီးလ်ဇလုံများ၊ စတီးလ်ထမင်းအုပ်များ၊ စတီးလ်အဖုံးပါ ပေါင်းအိုးနှင့် စတီးလ်ပစ္စည်း အမျိုးမျိုးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ယနေ့ သတင်း အညွှန်း

ပါကစ္စတန်၊ ကင်ညာ၊ လက်ဘနွန်၊ အမေရိကန်၊ အစ္စရေး သတင်းများ — စာမျက်နှာ–၄၊ ၅
ထူးထူးခြားခြား မှတ်တမ်းဝင်ပြခ်ရုပ်များ — စာမျက်နှာ–၉
မှုခင်းသတင်းများ — စာမျက်နှာ–၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၁-၂၀၀၈ (အင်္ဂါနေ့)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ဖော်ဆောင် အရည်အသွေးမြင့် ဆေးဝါးပစ္စည်းများတိုးတက်ထုတ်လုပ်

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများကို မွေးထုတ်ပေးလျက်ရှိသည်။ ခေတ်မီပစ္စည်းများ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်သည့် ပညာရှင်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ခေတ်မီဆေးဝါးလုပ်ငန်းစက်ရုံများ၊ ဆေးရုံများ၊ ခေတ်မီဆေးကုသရေး ပစ္စည်းကိရိယာများကိုလည်း တည်ဆောက်ဖြည့်ဆည်းပေးနေသည်ကို တွေ့ရသည်။

အရည်အသွေးမီဆေးဝါးများ ထုတ်လုပ်ပေးနေသည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)အပြင် တိုးတက်များပြားလာသည့် လူဦးရေနှင့်အညီ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆေးဝါးလုပ်ငန်း စက်ရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)ကို ဇန်နဝါရီလ ၁၉ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ အဆိုပါစက်ရုံမှ တစ်ခါသုံးဆေးထိုးအပ်၊ သွေးကြောသွင်း ဆေးရည်ပုလင်းနှင့် ထိုးဆေးများ ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါစက်ရုံကို တည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသနေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူပြုပြီး ဆေးဝါးပစ္စည်းများ လွယ်ကူစွာ ရယူသုံးစွဲနိုင်ကြမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တိုးချဲ့တို့အပြင် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ၊ အထူးဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)တို့မှ ဆေးဝါးများထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အပိုင်းက ဆေးဝါးလုပ်ငန်းစက်ရုံများ တိုးချဲ့တည်ဆောက်ပေးမှုများနှင့်အတူ တာဝန်ရှိသူအသီးသီးတို့က အရည်အသွေးမြင့်ဆေးဝါးများ စက်စွမ်းအားပြည့်ထုတ်လုပ်ပေးခြင်း၊ ဆေးဝါးပစ္စည်းများအား ပြည်သူများ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းတို့ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ပိုမိုအထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ အစ်မဒေါ်အုန်းမွှေးနှင့် တူမ ဒေါ်ရှုရည်တို့အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် နံ့သာလမ်းနေ ဦးယုစိန်နှင့် ညီအစ်ကိုများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးနှင့် ဆွမ်း၊ ပစ္စည်းလေးပါး၊ ရေ၊ မီး၊ ဆေး စာအောင်ပဒေသာအတွက် အလှူငွေကျပ် ၆၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် လမ်း(၅၀) အောက်လမ်း၊အမှတ်(၃၇/၄၁) အသင်းတိုက်ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် B.Com., B.Act., B.B.Aဘွဲ့ရများတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

★ ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ပထမအကြိမ် အာဆီယံအဆင့်မြင့်ပုဂ္ဂိုလ်များအစည်းအဝေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇန်နဝါရီ ၁၄ ရက် မှ ၁၅ ရက်အထိ ကျင်းပသည့် ပထမအကြိမ် အာဆီယံအဆင့်မြင့်ပုဂ္ဂိုလ်များ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားတားဆီးမှု မှန်သမျှ ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အစီရင်ခံစာ ရေးသားခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်ချက်များဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသည့် ပထမအကြိမ် အာဆီယံအဆင့်မြင့် ပုဂ္ဂိုလ်များ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားတားဆီးမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အစီရင်ခံစာ ရေးသားခြင်းနှင့် နောက်ဆက်တွဲ ဆောင်ရွက်ချက်များဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးအစည်းအဝေး တက်ရောက်စဉ်။ (လူမှုဝန်ထမ်း)

အဆိုပါ အစည်းအဝေး ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီတွင် လာအိုပလာဇာဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အာဆီယံ ၁၀နိုင်ငံနှင့် လေ့လာသူအဖြစ် အရှေ့တီမောနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသမီးအဖွဲ့အစည်းဆိုင်ရာ ဥက္ကဋ္ဌများဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးရုံးချုပ်မှ ဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ကုလသမဂ္ဂအမျိုးသမီးများရန်ပုံငွေအဖွဲ့ (UNIFEM)မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကျွမ်းကျင်သူ ပညာရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ၎င်းတို့ နိုင်ငံအလိုက် အစီရင်ခံစာရေးသားခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယအကြိမ် အမျိုးသမီးများအား ခွဲခြားတားဆီးမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ အစီရင်ခံစာ ရေးသားခြင်းအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ညပိုင်းတွင် ဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ အမျိုးသမီးများသမဂ္ဂဥက္ကဋ္ဌ မစ္စဆိုင်ဆေလော်ဒီမွန်ဆုံက လာအိုပလာဇာ ဟိုတယ်ခန်းမ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဇန်နဝါရီ ၁၅ ရက် နံနက် ၈နာရီခွဲတွင် အစည်းအဝေး ဒုတိယနေ့အဖြစ် အဆိုပါဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးမှ ပူးတွဲထုတ်ပြန်ချက် (Joint Statement)ကို အတည်ပြုကြပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ကိုယ်စား မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရမှ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရထံသို့ အိမ်သုံးဆားတန် ၂၀၀ လှူဒါန်းပွဲကို လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အိမ်သုံးဆားများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား အလုပ်သမားနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန တွဲဖက်ဝန်ကြီး မစ္စတာလောလီဖိုင်ဖေယိုးဝါးက ယမန်နှစ်က လာအိုနိုင်ငံ တောင်ပိုင်းဒေသများတွင် ရေလွှမ်းမိုးခြင်းခံရပြီး ဒုက္ခရောက်ချိန်တွင် ယခုကဲ့သို့ ဆားများ လှူဒါန်းရခြင်းအတွက် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ ပြည်သူများကို အထူး ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် အိမ်သုံးဆားတန် ၂၀၀ လှူဒါန်းရခြင်းဆိုင်ရာ စာရွက်စာတမ်းကို ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လာအိုနိုင်ငံဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး ဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ပုသိမ်ခရိုင်လုံးဆိုင်ရာ (၂၅) ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ၊ စာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ပုသိမ်ခရိုင်လုံးဆိုင်ရာ (၂၅)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ၊ စာပြန်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ပုသိမ်မြို့ မဟာဗန္ဓုလလမ်းရှိ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ သံဃာတော်အပါး ၈၀၀ ကျော်တို့ ပါဝင်ဖြေဆိုကြမည်ဖြစ်သည်။

အဆိုပါ စာပြန်ပွဲနေ့များတွင် ညစဉ် နိုင်ငံကျော်ဓမ္မကထိကများက တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်ထွန်း ဖုန်း-၀၄၂-၂၄၇၈၄၊ ဦးတိုင်းအောင် ဖုန်း-၀၉၅၂၀၂၂၇၀၊ ဒေါ်သီသီဝင်း ဖုန်း-၀၉၅၁၉၇၇၇၉နှင့် တိုက်ကြီးကျောင်းပရိယတ္တိစာသင်တိုက် ဖုန်း-၀၄၂-၂၅၄၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၇-၂၀၀၈ ခုနှစ် အမက(၃) ပန်းဘဲတန်း ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်ဆု၊ ကျောင်းတွင်း ဘာသာစုံထူးချွန်ဆုနှင့် စာရိတ္တဆုရရှိသည့် စတုတ္ထတန်းမှ မစုမြတ်သဇင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပန်းအလှပြုပြင်မှုသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် ၂/၂၀၀၈ ကို ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အထိ နေ့စဉ်မွန်းလွဲ၂နာရီမှ ညနေ ၄နာရီအထိ လည်းကောင်း၊ အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း ၁/၂၀၀၈ကို အခြေခံသင်တန်းဆင်းပြီးသူများဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီအထိ လည်းကောင်း သင်တန်းသား၊ သင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ် ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အခြေခံ သင်တန်းတွင် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက်ငွေကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ်၈၀၀၀၊ အဆင့်မြင့်သင်တန်းတွင်အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ငွေကျပ် ၉၀၀၀၊ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားရာတက်ရောက်လိုသူများသည် ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)

မိုးကုတ်သံဝေဇနိယ တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)မှ ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်မှ ၇ရက်အထိ(ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ)(၁၇)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်းကို ငါးရက်တိုင်တိုင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ်စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူးရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဖုန်း-၅၅၅၁၂၇၊ ၇၀၉၈၃၂ နှင့် ၅၈၀၈၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ငြိုးဖွဲ့သူ ရန်သူများ၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့သူ ရန်သူများ၏။

(ဓမ္မပဒ ၃)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီနည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရယူ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်ရေး အသိပညာ၊ စိတ်ဓာတ်နှင့်အရည်အသွေးတို့ ပြည့်ဆည်းပေး

ရန်ကုန် ဇန်နဝါရီ ၂၁

အခြေခံပညာဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၄) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ ဆရာ/ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌဒေါက်တာသန်းညွန့်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ နိုင်ငံတကာမျက်နှာစာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုများကြောင့် စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် နယ်ပယ်ကဏ္ဍစုံသည် ပညာရေးက လွှမ်းမိုးဦးဆောင်ပြောင်းလဲနေသည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ထို့အပြင် နည်းပညာကွာခြားမှုများ ပိုမိုကျယ်ပြန့်နက်ရှိုင်းလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများအကြား ရှိရင်းစွဲ ဓနအင်အား အဆင့်အတန်းမညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုများကို ပိုမိုကြီးမားစေလျက်ရှိသည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း တစ်ဖက်စောင်းနင်းဆက်ဆံရေးများကို ဖန်တီးဖြစ်ပေါ်စေလျက်ရှိနေကြောင်း။

ထိုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက်ရော နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ပညာရေးအခြေခံကောင်းများတည်ဆောက်ထားနိုင်ရန် အရေးတကြီးလိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီနည်းပညာသစ်များ အချိန်နှင့်တစ်ပြေးညီရယူနိုင်ရန် လိုအပ်သကဲ့သို့ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အသိပညာ၊ စိတ်ဓာတ်နှင့်အရည်အသွေးတို့ကို ပညာရေးကဏ္ဍကပျိုးထောင်ဖြည့်ဆည်းပေးရန်လိုအပ်လျက်ရှိကြောင်း။

ယင်း ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ် ကဏ္ဍအသီးသီးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးတိုးပွားဖြစ်ထွန်းရေးတို့ကိုအထောက်အကူဖြစ်စေမည့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များဖွံ့ဖြိုးထွန်းကားနေစေရေးသာမက တစ်ချိန်တည်းမှာပင် အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကောင်းများ၊ မြန်မာ့လူမှုရေးတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ကို ကြိုးပမ်းတည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်များက အစပြုပြီး ပြည်သူတစ်ရပ်လုံးသည် ပညာရည်မြင့်မားမှု အရည်အသွေးကောင်းများနှင့်ပြည့်ဝလာသည့်အခါ အမျိုးသားစည်းလုံးညီညွတ်မှု၊ လူမှုရေးညီမျှမှု၊ သဟဇာတဖြစ်မှု၊ တရားမျှတမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ စီမံအုပ်ချုပ်ပုံစနစ်ကောင်းမွန်မှု၊ လူနေမှုဘဝအဆင့်အတန်းမြင့်မားမှု၊ မြန်မာ့လူမှုတန်ဖိုးနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှုစသည့် နိုင်ငံတော်သစ်၏ ဂုဏ်အင်္ဂါနှင့်တန်ဖိုးများသည်လည်း တစ်ပါတည်းဖြစ်ထွန်းလာမည်အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့် လုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့်အညီ အောင်မြင် အကောင်အထည်ပေါ်လာရေးသည် နိုင်ငံတော်သစ်ကြီးနှင့်တကွ နိုင်ငံတော်သစ်ကြီးနှင့် ထိုက်တန်သည့် လူမှုအရည်အသွေး လူမှုတန်ဖိုးများ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာရေးအပြင် ပေါ်ထွန်းလာသည့် နိုင်ငံတော်သစ်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့နှင့်ပါ တစ်ဆက်တစ်စပ်တည်း ဖြစ်သည်ဟူသော ခံယူချက်ဖြင့် မိမိတို့၏ ပညာရေးကဏ္ဍ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် တက်တက်ကြွကြွ ထမ်းဆောင်ပေးကြပါဟု ပြောကြားလိုကြောင်း။

ကျောင်းသူ၊ ကျောင်းသားလူငယ်များနှင့် မိဘများ၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ လက်တွေ့အကောင်အထည်ပေါ်လာစေရေးနှင့် နိုင်ငံတော်၏ လူငယ်များအပေါ်ထားရှိသည့် မျှော်မှန်းချက်များ ပြည့်မီစေရေးတို့သည် ဆရာ၊ ဆရာမများ၏ ပညာသင်ကြားသွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးနိုင်မှုစွမ်းအားနှင့် စိတ်ဓာတ်အပေါ် လုံးဝတည်မှီလျက်ရှိကြောင်း။

ဆရာကောင်းမှ တပည့်ကောင်းမည်၊ တပည့်ကောင်းမှ ပညာရေးအခြေခံများမြင့်မားမည်၊ ပညာရေးမြင့်မားမှ နိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်များ ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်ဖြစ်ထွန်းလာမည်ဆိုသည့် ကျိုးကြောင်းဆက်နွယ်မှုသဘောတရားကိုသိမြင်ပြီး သိမ်မွေ့နက်ရှိုင်းပြီး ကြီးလေးမြင့်မြတ်လှသည့် ပညာရေးလုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းရွက်ပေးကြပါဟု ဆရာ၊ဆရာမများကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ ယနေ့နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများကို ပညာရေးကဏ္ဍဖြင့် ဆက်စပ်မြှင့်တင်ပေးနိုင်စေရန်နှင့် အစွမ်းကုန်ဖွံ့ဖြိုးစေရန် ပညာရေးဖြင့် ထောက်ကူပေးနိုင်စေရန် အခြေအနေအရပ်ရပ်က တောင်းဆိုလျက်ရှိကြောင်း။

နိုင်ငံတကာအခြေအနေများအရရော မိမိနိုင်ငံမိမိလူမျိုး၏ သမိုင်းပေးအခြေခံများအရပါ နိုင်ငံတော်အတွင်းနည်းပညာစွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားတို့နှင့်ယှဉ်တွဲပြီး အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားများပါ ကျယ်ကျယ်ပြန့်ပြန့် အင်နှင့်အားနှင့် ထွန်းကားခိုင်မြဲနေမှသာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်ကိုလည်း ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ယင်းအခြေအနေအရပ်ရပ်ကိုသိမြင်ပြီး နိုင်ငံတော်၏အနာဂတ်ကို တစ်မျိုးသားလုံး၏ မျှော်မှန်းချက်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ထွန်းလာစေရေးအတွက်တည့်မတ်ခိုင်မာစွာထိန်းကျောင်းစောင့်ရှောက်ပေးနိုင်မည့် အမျိုးသားပညာရည်မြင့်မားမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားကောင်းများကို ကျောင်းသူ ကျောင်းသားလူငယ်များက အစပြုပြီး ပြည်သူတစ်ရပ်လုံးက ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရန် ဆရာ၊ ဆရာမများအားလုံးက ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် သင်တန်းသားသင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ အဆိုပါသင်တန်းသို့ အမှတ် (၁)အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနအောက်တို့ရှိ အခြေခံပညာကျောင်းများမှသင်တန်းသား သင်တန်းသူဆရာ ဆရာမ ၁၅၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ် (၂)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဆုပေးပွဲကို ဇန်နဝါရီ ၁၃ရက်က ကျင်းပရာ မြို့နယ်အဆင့်ဘက်စုံထူးချွန်ဆုရ ပဥ္စမတန်း(က)မှ မစုမြတ်လွင်အား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးဟန်မြင့် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အာဖရိကဒေသ ဂမ်ဘီယာနိုင်ငံတွင် ယူရေနီယံသတ္တု တွေ့ရှိ

ဗန်ဂျူးလ် ဇန်နဝါရီ ၂၀

တောင်အာဖရိကဒေသရှိ ဂမ်ဘီယာနိုင်ငံတွင် စီးပွားရေးအရ ထုတ်ယူ၍ ရလောက်အောင် ကြွယ်ဝသည့် ယူရေနီယံနှင့် အခြား ရှားပါးသော ဓာတ်သတ္တုရိုင်းများကို ရှာဖွေတွေ့ရှိကြောင်း သမ္မတ ယာရားဂျမီးက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

ဂျမီးသည် ၁၉၉၄ ခုနှစ်မှစ၍ အာဏာရရှိလာသူဖြစ်ပြီး တိုင်းပြည်သို့ ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာ၌ အထက်ပါ အတိုင်း ပြောကြားသွားသည်။ ဂမ်ဘီယာနိုင်ငံတွင် တိုက်တေနီယမ်သတ္တုရိုင်း၊ ဆီလီကွန်နှင့် သံသတ္တုရိုင်းများကိုလည်း တွေ့ရှိထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့၌ လုံခြုံရေး ဆောင်ရွက်နေကြသော တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူတိုအားလုပ်ကြံမှုနှင့်ပတ်သက်၍ မသင်္ကာသူနှစ်ဦးအား ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ဖမ်းဆီး

ပက်ရှဝါ(ပါကစ္စတန်) ဇန်နဝါရီ ၂၀

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုအား လုပ်ကြံမှုနှင့် ပတ်သက်၍ မသင်္ကာသူ လူငယ်တစ်ဦးနှင့် နောက်ကွယ်မှ ကြိုးကိုင်သူတစ်ဦးကို ထောက်လှမ်းရေးအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

လုပ်ကြံရာ၌ အခြားစစ်သွေးကြွအဖွဲ့များ ကြိုးစားရာ၌ မအောင်မြင်လျှင် ၎င်းလူငယ်က ဆက်လက်၍ လုပ်ကြံရန် သင်တန်းတက်ခဲ့ရသူ ဖြစ်သည်ဟု သတင်းက ဖော်ပြသည်။ အဖမ်းခံရသူမှာ ၁၅ နှစ်အရွယ်ရှိသူဖြစ်ပြီး ၎င်းအား ကြိုးကိုင်သူများကိုလည်း အနောက်ဒေသ ဒီရာအစ်စမေလ်ခန်းအရပ်၌ ဇန်နဝါရီ ၁၇ ရက် ညပိုင်းက ဖမ်းဆီးမိကြောင်း သိရသည်။

အဖမ်းခံရသူလူငယ်၏ အမည်မှာ အတီဇာရှားဖြစ်သည်။ အခြား လုပ်ကြံသူများ အကောင်အထည်ဖော်ရာ၌ အထမမြောက်ပါက ၎င်းက ဘူတိုအား လုပ်ကြံရန် တာဝန်ပေးထားကြောင်း ၎င်းက အစစ်ခံသည်ဟု ထောက်လှမ်းရေးများက စနေနေ့တွင် ပြောကြားသည်။

အဖမ်းခံရသည့် အခြားလူတစ်ဦးမှာ အတီဇာရှားကို ကြိုးကိုင်သူဟု ယူဆရသည့် ရှားဇမန်ဖြစ်ပြီး ၎င်းသည် ပို၍ အရေးပါသူဖြစ်သည်ဟု ဆိုသည်။ ဖောက်ခွဲ တိုက်ခိုက်မည့်သူကို အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ဘာသူလာမီးဆွတ်၏ စခန်းတွင် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ညာတွင် ဆန့်ကျင်ဘက်အုပ်စုနှစ်စုအကြား ပဋိပက္ခဖြစ်ပွား၍ ငါးဦးသေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၂၀

ကင်ညာနိုင်ငံ ရစ်ဖ်ဘယ်လီရှိ ဒုက္ခသည်စခန်းတွင် ဆန့်ကျင်ဘက်အုပ်စုနှစ်စုအကြား ဇန်နဝါရီ ၁၉ ရက်က ပဋိပက္ခဖြစ်ပွားရာတွင် ငါးဦး သေဆုံးသွားကြောင်း သတင်းက ဖော်ပြသည်။

ယင်းပဋိပက္ခမှုသည် ကင်ညာ ရွေးကောက်ပွဲကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် အချင်းများမှု ဖြစ်သည်။

လက်နက်ကိုင် အုပ်စုတစ်စုသည် စခန်းသို့ ရောက်ရှိလာပြီး ပစ်ခတ်သည့်အတွက် လူငါးဦးအသက်ဆုံးရှုံးရသည်သာမက ပစ္စည်းဥစ္စာများလည်း လုယက်ခံရသည်ဟု ဆိုသည်။ စခန်းတွင်နေထိုင်ကြသူများမှာ သမ္မတမဂါကီဘာကီကို ထောက်ခံသည်ဟု ယူဆရသော ဒုက္ခသည်များ ဖြစ်ကြောင်း ရစ်ဖ်ဘယ်လီပြည်နယ်မှ ရဲအရာရှိ အာဖရပ်ဘာဆစ်က ပြောကြားသည်။ ယင်းဒုက္ခသည် စခန်းသည် ကမ်ကီ လွန်ဘုရားကျောင်းအနီးတွင် တည်ရှိပြီး နိုင်ရိုဘီမြို့၏ အနောက်မြောက်ဘက် ၁၁၁ ဒသမ ၈ မိုင် အကွာတွင် တည်ရှိသည်။ ထိုအရပ်ဒေသမှာ ယခုမှသာ မငြိမ်မသက် ဖြစ်လာသည် မဟုတ် ရွေးကောက်ပွဲ မတိုင်မီကာလကပင် နှစ်ဖက်အုပ်စုများအကြား ပဋိပက္ခ ဖြစ်လျက်ရှိသည့် အရပ်ဖြစ်သည်။

ရစ်ဖ်ဘယ်လီအရပ် မဲဆန္ဒနယ်ရှိ မဲအများကို သမ္မတ ကီဆာကီအား ဆန့်ကျင်သော အော်ရိန်ဒီမိုကရက်တစ်ပါတီက ကြီးစိုးထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကင်ညာနိုင်ငံ ရစ်ဖ်ဘယ်လီဒေသတွင် အကြမ်းဖက်မှုများကြောင့် မီးလောင်ပြာကျသွားသော ဈေးတစ်ဈေးကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်လီဖိုးနီးယားတွင် လေယာဉ်နှစ်စင်းတိုက်

ကာရိုနာ ဇန်နဝါရီ ၂၁

ပုဂ္ဂလိက လေယာဉ်နှစ်စင်းသည် ဇန်နဝါရီ ၂၀ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကရိုနာမြို့၏ ကောင်းကင်ယံတွင် တိုက်မိကြသဖြင့် လူလေးဦးထက်မနည်း သေဆုံးသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဆက်စနာလေယာဉ်

ကာရိုနာစည်ပင်သာယာရေး ဌာန၏ လေယာဉ်ကွင်းမှ တစ်မိုင်ခန့်အကွာတွင် ပျံသန်းနေသော ဆက်စနာလေယာဉ်ငယ်နှစ်စင်းသည် ကောင်းကင်ယံ၌ ညနေ ၃ နာရီ ၃၅ မိနစ်တွင် တိုက်မိကြောင်း ပြည်ထောင်စုလေကြောင်းအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကယ်လင်ကာနီဇာက ပြောကြားသည်။ ကာရိုနာမြို့သည် လော့အိန်ဂျလိစ်မြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်အကွာတွင် တည်ရှိသည်။

ပျက်ကျ

သေဆုံးသူ သုံးဦးမှာ လေယာဉ်များပေါ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ မြေပြင်တွင် ရပ်ထားသော ကားပေါ်မှ ဖြစ်သည်။ လေယာဉ်အပျက် အစီးများသည် မြေပြင်ပေါ်ရှိ ကားရောင်းဝယ်ရေးစခန်းတွင် ရပ်ထားသော မော်တော်ယာဉ်များပေါ်သို့ ပြုတ်ကျခြင်း ဖြစ်သည်။

အင်တာနက်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကမ္ဘာ့သဘာဝဝန်းကျင်ကို ထိန်းသိမ်းကြရန် နှိုးဆော်သည့်အနေဖြင့် တိရစ္ဆာန်များပုံ ဝတ်ဆင်၍ ဇန်နဝါရီ ၂၀ရက်က လှည့်လည်ပြသကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်တွင်ဖြစ်ပွားသော အကြမ်းဖက်မှုများကို လုံခြုံရေးကောင်စီ ပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၀

လက်ဘနွန်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ဖြစ်ပွားသည့် လူသုံးဦးသေဆုံးရသော ဗုံးဖောက်ခွဲ တိုက်ခိုက်မှုနှင့် အမေရိကန်သံရုံး မော်တော်ယာဉ်ကို တိုက်ခိုက်သော ဖြစ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ဇန်နဝါရီ ၁၈ ရက်တွင် ကြေညာသည်။ အဆိုပါဖြစ်ရပ်တွင် သေဆုံးထိခိုက်ရသူများအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့်လည်း အလွန်အမင်း ဝမ်းနည်းသည်သာမက စာနာမှုလည်း ဖြစ်ရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ရာဇဝတ်မှု

မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ဖြစ်ပေါ်သော အကြမ်းဖက်မှုမှန်သမျှသည် တရားမျှတမှု မရှိသော ရာဇဝတ်မှုမြောက်သော လုပ်ရပ်များသာ ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်မှု လုပ်ရပ်များသည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေသော လုပ်ရပ်များသာ ဖြစ်ကြောင်း လုံခြုံရေးကောင်စီက အလေးအနက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ငန်းဝါဖျားကာကွယ်ဆေးထိုးရာ ဆေးချိန်လွန်၍ ဘာရာဇီးတွင် ၃၁ ဦး ဆေးရုံတင်ရ

ဘရာဆီးလီးယား ဇန်နဝါရီ ၂၀

ဘရာဇီးနိုင်ငံ၌ ငန်းဝါဖျားကာကွယ်ဆေးထိုးရာတွင် လူ ၃၁ဦးမှာ လိုအပ်သည်ထက် ဆေးချိန်လွန်၍ ထိုးမိသဖြင့် ဆေးရုံသို့တင်ထား ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်သည်။

ထိုလူများအနက် နှစ်ဦးမှာ ဘရာဆီးလီးယားမြို့မှဖြစ်ပြီး ၁၀ ရက်အတွင်း ကာကွယ်ဆေး နှစ်ကြိမ်ထိုးမိသည့်အတွက် ဆေးရုံတင်ရခြင်းဖြစ်သည်။ ၎င်းတို့၏ အခြေအနေမှာ စိုးရိမ်ရသည်ဟုဆိုသည်။

ဘရာဇီးနိုင်ငံတွင် ယခုနှစ်ဆန်းပိုင်းမှစ၍ ငန်းဝါဖျားဟု မသင်္ကာဖြစ်ရသူပေါင်း၂၉ဦးကို တွေ့ရှိရသည့်အနက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၁၀ ဦးမှာ ငန်းဝါဖျားဖြစ်ပွားကြောင်း အတည်ပြုနိုင်ခဲ့သည်။

ငန်းဝါဖျားကူးစက်စေတတ်သော ဒေသများသို့ သွားရောက်သူများ အတွက်သာ ယင်းကာကွယ်ဆေးထိုးနှံရန် လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အမေရိကန် သမ္မတ လောင်း ရွေးပွဲ အခြေခံ အဆင့်တွင် ယှဉ်ပြိုင်နေသူ ဂျွန်မက်ကိန်း။ (ဓာတ်ပုံ–အင်တာနက်)

တောင်ကာရိုလိုင်းနား အခြေခံရွေးကောက်ပွဲတွင် မက်ကိန်းက ဟပ်ကာဘီကို အနိုင်ရရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၁

အမေရိကန် အရီဇိုးနားပြည်နယ် အထက်လွှတ်တော် အမတ်ဖြစ်သူ ဂျွန်မက်ကိန်းက အာကင်ဆောအုပ်ချုပ်ရေးမှူးဟောင်း မစ်ကီဟပ်ကာဘီကို တောင်ကာရိုလိုင်းနား ရီပတ်ဘလီကန် အခြေခံအဆင့် သမ္မတအကြိုရွေးကောက်ပွဲတွင် စနေနေ့က အနိုင်ရရှိကြောင်း ပဏာမရရှိသည့်သတင်းများအရ သိရှိရသည်။

မက်ကိန်းက မဲ ၃၃ ရာနှုန်းအထိရရှိကာ အုပ်ချုပ်ရေးမှူးဟောင်း ဟပ်ကာဘီမှာ မဲ ၃၀ရာနှုန်းရရှိသသည်။ ဟပ်ကာဘီက အနိုင်ရသူ မက်ကိန်းအား နှုတ်ဆက်ပြီး မဲရွေးပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

တင်နက်ဆီ အထက်လွှတ်တော်အမတ်ဟောင်း ဖရက်သွမ်မဆင်နှင့် မက်ဆာချူးဆက် အုပ်ချုပ်ရေးမှူးဟောင်း မစ်ရွမ်နေးတို့သည် မဲအရေအတွက် ၁၆ မဲ ၁၅ မဲ ကိုယ်စီရရှိပြီး တတိယနှင့် စတုတ္ထနေရာရရှိခဲ့သည်။

တောင်ကာရိုလိုင်းနား အခြေခံရွေးကောက်ပွဲတွင် မိမိအောင်မြင်ခဲ့မှုသည် မိမိ၏ လှုပ်ရှားမှုအမှန်ကန်ကြောင်း သာဓကပြနေမှုပင်ဖြစ်ကြောင်း၊ သို့ရာတွင် ရှေ့ဆက်လက်ယှဉ်ပြိုင်ဦးမည့်ဖြစ်ကြောင်း မက်ကိန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နွယ်ဖွား ပြင်သစ်နိုင်ငံသား အထိန်းသိမ်းခံရရာမှ ပြင်သစ်သို့ပြန်လည်ရောက်ရှိ

ပါရီ ဇန်နဝါရီ ၂၁

အီရန်နိုင်ငံတွင် လုံခြုံရေးနှင့်ပတ်သက်သည်ဆိုသော အကြောင်းပြချက်ဖြင့် ၂၀၀၇ ခုနှစ်က ထိန်းသိမ်းခံထားရသည့် အီရန်နွယ်ဖွား ပြင်သစ်နိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးသည် ပြင်သစ်နိုင်ငံသို့ ဇန်နဝါရီ ၁၈ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၎င်းသည် အီရန်နိုင်ငံ၌ အာမခံဖြင့် လအတန်ကြာနေခဲ့ရပြီးမှ နေရင်းနိုင်ငံသို့ ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မီနိုတီဆိုလိုကီသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက သတင်းမှတ်တမ်းရိုက်ကူးရန် အီရန်နိုင်ငံသို့ရောက်ရှိပြီး နောက်ပိုင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ထိန်းသိမ်းခံခဲ့ရသည်။

၎င်းမှာ ၂၀၀၇ ခုနှစ် မတ် ၁၉ ရက်တွင် အာမခံဖြင့် ပြန်လွတ်မြောက်လာခဲ့သော်လည်း စုံစမ်းမေးမြန်းရန် ကျန်ရှိနေသည့်အတွက် ပြင်သစ်နိုင်ငံကို ပြန်ခွင့်မရရှိခဲ့ပေ။ ၎င်းဌာနေသို့ ပြန်ခွင့်ရရှိသွားသည့်အတွက် မိမိတို့ ဝမ်းမြောက်ရပါကြောင်း အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပါစကယ်အန်ဒရမ်က သတင်းထောက်များကို ပြောကြားသည်။

အီရတ်နှင့် အီရန် ရှစ်နှစ်ကြာစစ်ပွဲပြီးဆုံးပြီးနောက် ဖြစ်ပေါ်မှုအခြေအနေများကို သတင်းမှတ်တမ်း ရိုက်ကူးရန် အီရန်သို့ သွားရောက်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။

နှစ်နိုင်ငံ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားမှုကို အီရန်နိုင်ငံက အသိအမှတ်မပြုကြောင်း၊ ၎င်း၏ကိစ္စသည် အီရန်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စဖြစ်သည်ဟု လက်ခံထားသည့်အတွက် ပြင်သစ်အာဏာပိုင်များအနေဖြင့် သံတမန်ဆက်ဆံရေး၌ အခက်တွေ့ခဲ့ရကြောင်း လူ့အခွင့်အရေးအဖွဲ့ အကြီးအကဲ ဟာဂျာစမိုနီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဂျီယာသမ္မတ၏ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု ပြည်သူအများ မကျေမနပ်ဖြစ်ကြရ

တီဘီလီစီ ဇန်နဝါရီ ၂၀

အနောက်အုပ်စုလိုလားသည့် ဂျော်ဂျီယာသမ္မတ မီခေးလ်ဆားကက်ရှင်ဗီလီသည် ဒုတိယအကြိမ် သမ္မတသက်တမ်းကို စတင်တာဝန်ယူတော့မည်ဖြစ်သည်။

သို့သော် ကျင်းပပြီးစီးခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ မဲလိမ်မှုများရှိသည်ဆိုကာ ဂျော်ဂျီယာအတိုက်အခံများက ကန့်ကွက်ချီတက်ဆန္ဒပြရန် နှိုးဆော်ထားသည်။

လွတ်လပ်သော ဈေးကွက်ပြုပြင်ပြောင်းလဲမှုများမှာ ၎င်း၏သမ္မတသက်တမ်းအတွင်းတွင် ပြည်သူအများစုက မကျေမနပ်ဖြစ်သည်ကို သမ္မတ ဆားကက်ရှင်ဗီလီက ဝန်ခံသည်။

ဂျော်ဂျီယာနိုင်ငံ၏ယိုယွင်းနေသော စီးပွားရေးကိုကယ်တင်ရန် မိမိ၏ကြိုးပမ်းမှုများကြောင့် ပြုပြင်ရန်ခက်ခဲသည့်အခြေသို့ ဆိုက်ရောက်သွားကြောင်း၊ စီးပွားရေးပြုပြင်ရုံသာမက ယဉ်ကျေးမှုတော်လှန်ရေးပါလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

ဒုံးကျည်များဖြင့်ပစ်ခတ်မှုကို အစ္စရေးက လက်တုံ့ပြန် ဂါဇာကမ်းမြောင်သို့ စားကုန်နှင့်လောင်စာ သယ်ယူမှုပိတ်ပင်

ဂါဇာ ဇန်နဝါရီ ၂၀

ဂါဇာမြို့နှင့် ဂါဇာကမ်းမြောင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးလျက်ရှိသည့် ပင်မဓာတ်အားပေးစက်ရုံကြီးသည် လောင်စာပြတ်လပ်မှုကြောင့် ဇန်နဝါရီ ၁၉ ရက်တွင် ဓာတ်အားဖြန့်ဖြူးမှုပိုင်း လုံးဝရပ်ဆိုင်းသွားကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ကို အစ္စလာမ္မစ် ဟားမတ်စ်အဖွဲ့က သိမ်းပိုက်လိုက်သည့် ဇွန်လလယ်ပိုင်းမှစ၍ အစ္စရေးတို့သည် ထိုကမ်းမြောင်ဒေသကို တင်းတင်းကြပ်ကြပ် ပိတ်ဆို့အရေးယူသွားရန် ဇန်နဝါရီ ၁၇ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကြောင့် ဂါဇာကမ်းမြောင်သို့ ဦးတည်သည့်လမ်းများအားလုံးကို အစ္စရေးတို့က ပိတ်ထားလိုက်သည်။

ဂါဇာကမ်းမြောင်ရှိ စစ်သွေးကြွများက အစ္စရေးတို့ကို ရော့ကတ်ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို တုံ့ပြန်မှုအဖြစ် ဂါဇာကမ်းမြောင်သို့ အခြေခံစားသောက်ကုန်နှင့် လောင်စာများ သယ်ယူမှုကို အစ္စရေးတို့က ဇန်နဝါရီ ၁၇ ရက်မှစ၍ ပိတ်ပင်ခဲ့သည်။

လောင်စာပြတ်လပ်မှုကြောင့် ဂါဇာဒေသ၏ ဓာတ်အားပေးစက်ရုံသည် ဓာတ်အား ဖြန့်ဖြူးမှုရပ်ဆိုင်းသွားကြောင်း၊ ပါလက်စတိုင်း ပြည်သူ ၁ဒသမ ၅သန်းအနက် သုံးပုံတစ်ပုံကျော်သည် ဓာတ်အား လုံးဝမရရှိတော့ကြောင်း ဂါဇာဓာတ်အားပေးစက်ရုံ အကြီးအကဲ ရာဖက်မာလီဟာက သတင်းထောက်များကို ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့မှ တပ်ကြပ် ဂါလက်ရှလစ်ကို စစ်သွေးကြွသုံးဦးက ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် နှစ်ရက်အကြာတွင် အစ္စရေး ဂျက်လေယာဉ်များက ဂါဇာတောင်ပိုင်းကို တိုက်ခိုက်ခဲ့သည်။ ဂါဇာ ဓာတ်အားပေးစက်ရုံကြီးသည် အဆိုပါအရပ်တွင် တည်ရှိသည်။

ဇန်နဝါရီ ၁၉ ရက် ညပိုင်းက ဂါဇာဓာတ်အားပေးစက်ရုံ ဓာတ်အားဖြန့်ဖြူးမှု ရပ်ဆိုင်းသွားပြီးနောက် ဂါဇာမြို့၊ အလ်ဘူရီနှင့် နုဆီရက်ဒေသရှိ ဒုက္ခသည်စခန်းများ မှောင်အတိကျခဲ့သည်။

အင်တာနက်။

ဂါဇာဒေသ ဂါဇာစီးတီးမြို့ဆေးရုံတွင် ဓာတ်အားရပ်ဆိုင်းသွားသဖြင့် အခက်တွေ့နေရသော ကလေးလူနာဆောင်တစ်နေရာကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆီးရီးယားသည် အာရပ်ယဉ်ကျေးမှု၏ဘူမိနက်သန်ဖြစ် အာရပ်အဖွဲ့ချုပ်အကြီးအကဲပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၂၁

ဆီးရီးယားနိုင်ငံသည် အာရပ်ယဉ်ကျေးမှု စတင်ပေါ်ပေါက်ရာ ဘူမိနက်သန်တစ်ရပ်ဖြစ်နေသည်ဟု သမိုင်းအထောက်အထားများအရ သိရှိနေရကြောင်း ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အာရပ်အဖွဲ့ချုပ် (အေအယ်လ်) အထွေထွေအတွင်းရေးမှူးချုပ် အမားမူဆာက အနိုင်အမာပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၏ အခန်းကဏ္ဍသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတွင် နာမည်ကျော်ကြား လူသိများခဲ့ပြီး အာရပ်နှင့် အစ္စလာမ္မစ် ယဉ်ကျေးမှုတိုက်ခိုက်ဖျက်ဆီးရမည့် အန္တရာယ်အတွက် ကာကွယ်ရမည့် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဆီးရီးယားက ၂၀၀၈ခုနှစ်အတွက် အာရပ်ယဉ်ကျေးမှုမြို့တော်ဟု တရားဝင်ကြေညာမည့် တရားဝင်အခမ်းအနား မကျင်းပမီ မူဆာက ဆာနာသတင်းဌာနသို့ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

သမိုင်းအကြောင်း

သမိုင်းကြောင်း အထောက်အထားအရပေါ်ထွန်းခဲ့သည့် အာရပ်ယဉ်ကျေးမှုနှင့် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့နေသည့် ယဉ်ကျေးမှုအရ ဆီးရီးယားသည် အာရပ် လူမျိုးများ၏ အရေးပါသည့် အထူး အချက်အချာနေရာဖြစ်ပြီး လူသားမျိုးနွယ်များ ပေါ်ပေါက်လာခဲ့သည့် တရွေ့ရွေ့ပြောင်းလဲရေးဖြစ်စဉ်တစ်လျှောက်တွင် ထွန်းသစ်လာသော အာရပ်နှင့် အစ္စလာမ္မစ် ယဉ်ကျေးမှုပင်ဖြစ်သည်ဟု ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုလံပစ်ပွဲအတွက် ပြင်ဆင်ထားသော ရေကူးကန်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မြန်အောင်မြို့ နေခြည်ဈေးလိုင်းခွဲ အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး မြန်အောင်မြို့နယ် အော်တိုအိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၁

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာအနီးရှိ ကညင်ချောင်းမြစ်ကမ်းပါးထိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောအောင်လွင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါလမ်းပိုင်း မိုင်တိုင်အမှတ်(၃၅/၆)တွင် အရှည် ၂၃၇ ပေရှိ တံတား အမှတ် (၄/၃၆) ကညင်ချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး တံတားအသစ်တည်ဆောက်ရန် လိုအပ်သော ယာယီယာဉ်သွားလမ်း ပြုလုပ်ထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့်အတူ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူက မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းမှူးနှင့်ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဒုတိယဝန်ကြီးတို့သည် မြန်အောင်မြို့နေခြည်ဈေးလိုင်းခွဲ အော်တိုအိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ အစီအစဉ်အရမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးအောင်သက်ရှည်ကကိုယ့်အားကိုယ်ကိုးအော်တိုတယ်လီဖုန်းအိတ်ချိန်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ ကောင်းတင့်ဝေ ဆက်သွယ်ရေး ဝန်ဆောင်မှုကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးရဲမြင့်က လုပ်ငန်းအကောင်အထည်ဖော်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ ဈေးသူဈေးသားများ ကိုယ်စားကော်မတီအတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကုမ္ပဏီ ဒါရိုက်တာ ဦးရဲမြင့်က ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် မြန်အောင်မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အော်တိုတယ်လီဖုန်း အိတ်ချိန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အော်တိုတယ်လီဖုန်းအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေး၍ တယ်လီဖုန်းဆက်သွယ်မှု စတင်ခေါ်ယူကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှကြီးကြပ်၍ Fisca Enterprises ၏ သွင်းကုန်အစားထိုး ပြည်တွင်းမှထုတ်လုပ်သော KY-120 DH Exchange စက်ခလုတ်ခုံတပ်ဆင်ထားသည့် နေခြည်ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းအိတ်ချိန်းတွင် C/O လိုင်း (၁၀)လိုင်းကို အခြေခံလျက် ဈေးအတွင်း လိုင်းခွဲ(၁၀၀)ကျော်ကို ကောင်းတင့်ဝေ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် တိုင်းမှူးသည် မြန်အောင်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊စစ်သည်မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောက်ဖယားဆေးရုံဆိုင်ရာများ အသိပေး မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောက်ဖယား (Chaophya)ဆေးရုံကြီးဆိုင်ရာ အချက်အလက်များ အသိပေးမိတ်ဆက်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centre (IHBC) ၌ ကျင်းပရာ ရှေးဦးစွာ International Health & Beauty Centre ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်ဖယားဆေးရုံကြီး၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှုတာဝန်ခံ ဦးမြင့်သိန်းက နှုတ်ခွန်းဆက်စကားပြောကြား၍ ကျောက်ဖယားဆေးရုံကြီး အုပ်ချုပ်မှုဒါရိုက်တာ Dr. Chumrum Sorapipatana က ဆေးရုံဆိုင်ရာ အချက်အလက်များကို မိတ်ဆက်တင်ပြသည်။

ယင်းနောက် ကျောက်ဖယားဆေးရုံကြီး Heart Centre မှ Prof. Suphachai က ကုသမှုဆိုင်ရာများကို အသိပေးတင်ပြကာ ကျောက်ဖယားဆေးရုံကြီး၏ မြန်မာနိုင်ငံဆိုင်ရာ ဆေးကုသမှုပိုင်းဆိုင်ရာတာဝန်ခံ ဒေါက်တာမိုးအောင်ကျော်နိုင်က ဆေးကုသမှုပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျောက်ဖယားဆေးရုံကြီးသည် ထိုင်းနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဦးဆောင်မှုပေးနေသော ဆေးရုံကြီးတစ်ရုံဖြစ်ပြီး တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၅နှစ်ကျော်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ စတင်၍ ဆေးကုသမှုဌာနပေါင်းစုံမှ အထူးကု ဆရာဝန်ကြီးများစုစည်း၍ ကျန်းမာရေးစောင့်ရှောက်မှုဌာနကြီးအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အဆိုပါဆေးရုံကြီးသည် ၅ဒသမ၅ဧက ကျယ်ဝန်းပြီး ကျောက်ဖယားမြစ်ကြီး၏ အနောက်ဘက်ကမ်း၌ တည်ရှိသည်။ မြစ်တို့၏ ဘုရင်ဟု အဓိပ္ပာယ်ရသော ကျောက်ဖယားမြစ်ကြီးသည် ဗန်ကောက်မြို့ကို ဖြတ်သန်းစီးဆင်းနေသည်နှင့်အညီ ကျောက်ဖယားဆေးရုံကြီးကို ကုန်းလမ်းမှသာမက ရေလမ်းမှပါသွားလာနိုင်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောက်ဖယား(Chaophya)ဆေးရုံကြီးဆိုင်ရာ အချက်အလက်များအား အသိပေး မိတ်ဆက်ပွဲတွင် ကျောက်ဖယားဆေးရုံကြီး Heart Centre မှ Prof: Suphachai ကုသမှုဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းဆေးရုံကြီး၌ နှလုံးသွေးကြောပိတ်လူနာများအား Stem Cell ကုသမှုနည်းစနစ်ဖြင့် ကုသခြင်းကို ဓာတ်ခွဲခန်းသုတေသနပြုစမ်းသပ်မှုအဆင့်မှ ဆေးရုံရှိလူနာများအား ကုသမှုပေးနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျော်ကြားမှုကို ရရှိခဲ့သည်။

ဆေးကုသမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို အဆင့်အတန်းမြင့်မြင့်နှင့် အကောင်းဆုံးဖြစ်စေရန် စဉ်ဆက်မပြတ်လုပ်ဆောင်ပေးခြင်းဖြင့် ကျောက်ဖယားဆေးရုံကြီးသည် နောက်ဆုံးပေါ် ဆေးပညာတိုးတက်မှုတွင် ရှေ့တန်းရောက်ရှိနေပြီး ထိုင်းနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုတို့နှင့် ပေါင်းစပ်ကာ ကမ္ဘာ့အဆင့်မီဆေးကုသစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောက်ဖယားဆေးရုံကြီးတွင် အထူးပြုကုသမှုဌာနများ စုံစုံလင်လင်ရှိပြီး တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံဖြင့် ပေါင်းစပ်ညှိနှိုင်းကုသမှုပေးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လမ်းလျှောက်နိုင်လေ-အသက်ရှည်

* မိုးမကျခင်တော့
အတိုးချ၍လမ်းလျှောက်မယ်။

* နှင်းငွေ့တွေကဝိုင်းပတ်လည်
ချမ်းမယ်များထင်သလား။
အားမာန်ပါပါနှင့်
ကိုယ်အင်္ဂါလှုပ်ရှားပေး
နွေးထွေးပြီးသား။

* လေတဖြူးဖြူးတိုက်လျှင်ကွယ်
ရှူမယ်ပတအား။
ခန္ဓာကိုယ်နှလုံးတွင်း
ရှင်း၍ပေါ့ပါး။

* ခြေလက်တွေထုံကျဉ်လို့
မယုံလျှင်စမ်းလျှောက်စေချင်။
အကြောအခြင်လျော့သွားလို့
ပေါ့ပါးခရီးတွင်။

* ဆေးခန်းနှင့်ဝေးစေချင်
ဤနည်းလျှင်အကောင်းဆုံး။

* လူမတန် ကံမချပါနှင့်
မေတ္တာနှင့်အကြံပေးတာမို့
တွေးချင့်၍သုံး။ ။

မောင်ရည်တင့် (မအူပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"သီလနှင့်ပညာ"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၄၅-၁း၄၅	တေးဂီတအစီအစဉ်
၇း၅၀-၁း၅၀	သူတော်ကောင်းကြီးများ၏ဝိပဿနာကျင့်စဉ်တရားတော် [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	Sunday Talk
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	အနှိုင်းမဲ့ပီတိလှိုင်တဲ့ပွဲ
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ "မြန်မာ့ကျောက်စိမ်းမြန်မာ့အနုပညာ"
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	မြတ်နိဗ္ဗာန်သို့ရည်မှန်း ဓမ္မဇောတိရိပ်သာစခန်း
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅-၄း၅၅	Biz Net
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	သီးနှံစိုက်ပျိုးအထွက်တိုး"ဆောင်းရာသီပဲတီစိမ်းပန်းတိုင်"
၁၁း၂၅-၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	အန္တရာယ်ကင်းသောမိခင်ဘဝ(ဒေါက်တာသိန်းသိန်းဌေး)
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	Yangon Panorama(Yangon Media Group) (တတိယနှစ်ပတ်လည်ညစာစားပွဲ)
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (မြင်းမိုရ်ထက်ကလူ ဗီဒီယိုဇာတ်ကားရိုက်ကွင်းအမှတ်တရ)
၁၂း၄၀-၆း၄၀	Music Gallery (City FM ၅နှစ်ပြည့်အချစ်များလက်ဆောင်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Egypt-Cameroon	Euro Sport(Live)
၂း၀၀	Sudan-Zambia	Euro Sport(Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ချင်းပြည်နယ်နှင့်မကွေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ရှိ တောင်သူ ဦးကီးမနား၏ နှစ်ဇကေ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်ဆွေက ကန်ပက်လက်မြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ကန်ပက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် ဖြစ်ထွန်းအောင်မြင်နေသော နှစ်ဇကေ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဗိုလ်ချုပ်ခင်ဇော်က ဆေးကုသမှုခံယူနေသော လူနာများအားအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ၏ အခြေခံစက်ချုပ်ခြင်း၊အဆင့်မြင့်စက်ချုပ်ခြင်းနှင့် သိုးမွှေးစက်ဆွဲခြင်းများ သင်ယူနေမှုများနှင့် သင်တန်းကျောင်း အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မကွေးတိုင်း ဆောမြို့သို့ ရောက်ရှိကြပြီး ဆောမြို့ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး မြို့နယ်၏ လူမှုရေး၊ စီးပွားရေး၊ ပညာ ရေး၊ ကျန်းမာရေး ကိစ္စရပ်များကို ပိုမိုတိုးတက်မှုရှိစေရန် ဒေသခံများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆောမြို့ ပြည်သူ့ဆေးရုံ၊ ဝင်းသူဇာ အရောင်းဆိုင်၊ ဆောချောင်းပေါ်၌ တည်ဆောက်ထားသည့် အရှည်ပေ၃၆၀၊ ခံနိုင်ဝန်၁၃တန်ရှိ ဆောချောင်းတံတားနှင့် ဆောမြို့နယ် အညာ ကတင်းကျေးရွာအုပ်စု အကြည်ကတင်းရွာရှိ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးခင်း ၁၀ဧကမှ ဆွတ်ခူးထားသော ခြံစည်းရိုးကြက်ဆူမျိုးစေ့များ၊ ကြက်ဆူဆီများနှင့် ဖြစ်ထွန်းအောင်မြင်နေသော ခြံစည်းရိုး ကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် နွားနောက်မွေးမြူရေးစခန်းအမှတ်(၁) အရှေ့ပြင်သို့ ရောက်ရှိပြီး နွားနောက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းသာသနာ့အလင်းရောင်ဇဟိုပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကောသလ္လအား သွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည်မင်းတပ်မြို့ရှိပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၂) လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး သင်တန်းကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ် ဦးဂေးလိန်းမောင်ထံ ပေးအပ်သည်။ (သတင်းစဉ်)

ဆူးလေစေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဇန်နဝါရီ ၂၁

ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ (၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် ဆူးလေစေတီရင်ပြင်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဩဘာသ ဘိဝံသ ညောင်တုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်သည်။ ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်က ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပတ်သက်၍ လျှောက်ထားသည်။ ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာ တရားတော်ကို ချီးမြှင့်သည်။

ထို့နောက် မြတ်စွာဘုရားအမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆူးလေစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်း သံဃနာယက ဆရာတော်ကြီးများ၊ တိပိဋကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးများ၊ ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်အပါး ၁၈၀ နှင့် သီလရှင်အပါး ၅၀ တို့အား ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော်မြို့နယ်များမှ သဒ္ဓါကြည်လင် ပါရမီရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ (ကြေးမုံ)

လောင်းလှူ

ဆူးလေစေတီတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာ ဘိဝံသ မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော်အား အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (က–ပ)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရမ်းဗြဲ မြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများ ပူဇော်ပွဲ၊ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အစီအစဉ်အရ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဓမ္မောဒယ၊ ဘဒ္ဒန္တကုမာရနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်ဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မသီဂိဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့် ဒေါ်ကြည်ကြည်ဆွေတို့အား အသင်းနာယက ဦးမင်းကြည်နှင့်ဇနီး ဒေါ်မြင့်မြင့်တို့က ဂုဏ်ပြုလွှာများ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ အသင်းဝင် မိသားစုများမှ ပညာရည်ချွန်ဆု ရရှိသူများနှင့် ဆွမ်းအလှူရှင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ မိသားစုအား အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး **(အပေါ်ပုံ)** အမှုဆောင်သစ်ရွေးချယ်၍ ဥက္ကဋ္ဌသစ်ဦးချမ်းမောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ (က–ပ)

စန္ဒကူးမြိုင်သာသနာ့ရိပ်သာ တရားစခန်းပွဲဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

မှော်ဘီမြို့ စန္ဒကူးမြိုင်သာသနာ့ရိပ်သာတွင် ကန္နီဥပနိဿယ မောင်းထောင်မြေဇင်း ဆရာတော်ကြီး နည်းဖြင့် ရှိန်းမကားဆရာတော်က သမထဝိပဿနာ တရားများ ပြသလျက်ရှိရာ တရားစခန်းဝင် လိုသူယောဂီများ ဖုန်း–၅၁၁၃၁၁–၅၅ သီရိလမ်း စမ်းချောင်းမြို့နယ်သို့ ဆက်သွယ်၍ ဝင်ရောက်နိုင်ကြောင်း သိရှိရသည်။ (က–ပ)

မြစ်သားမြို့နယ် ကူမဲမြို့အရှေ့ ပေ ၄၀၀၀ အမြင့်ရှိ ပြက္ခရွှေအရှေ့တောင်ထိပ်ရှိ အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဥ္စမမြောက်စွယ်တော်ဓာတ်နှင့် ပဌာန်းဓမ္မာရုံအား မွမ်းမံပြင်ဆင်ရန် အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၂၀ရက်က သန်လျင်မြို့နေ ဒေါက်တာဌေးအောင်–ဒေါ်လှမြင့် မိသားစုက မိတ္ထီလာမြို့အာသောကာရုံ ရေလည်တိုက်ပြက္ခရွှေသာသနာပြု ဆရာတော် ဘဒ္ဒန္တလာဘဝတအား ဆက်ကပ်လှူဒါန်းစဉ်။ (၅၂၇)

(၂၄)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၌ ပါဝင်ကစားခဲ့ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၇ရက်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့် အားကစားသမားများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (ပို့ဆောင်ရေး)

စက်မှု(၁)အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲ တော်ကို ပခုက္ကူမြို့ခရိုင်အားကစားကွင်း၌ ဇန်နဝါရီ ၂၁ရက်မှ၂၈ရက်အထိ၊ ခရမ်းမြို့ မြို့လယ်ကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၂၂ရက်မှ ၃၁ရက်အထိ၊ တောင်တွင်းကြီးမြို့၌ ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ၊မြင်းမူမြို့ရှင်ပင်စောလူးဘုရားဝင်း၌ ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားဝင်း၌ ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချောက်စက်မှုလက်မှုသိပ္ပံကျောင်း တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်းတွင် ၁၉၇၆မှ ၂၀၀၇အထိတာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တွေ့ဆုံမိတ်ဆက်ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၂ရက်(စနေနေ့) ညနေ ၆နာရီမှ ည ၉နာရီအထိ မရမ်းကုန်း (၉)မိုင် Ocean Centre အနီးရှိ Royal Ruby Jade Hotel၌ ကျင်းပမည်ဖြစ်၍ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးမောင်မောင်အုန်းမြင့် ဖုန်း–၀၉–၅၀၁၅၆၇၈၊ ဦးကြည်ဝင်း ဖုန်း–၆၈၁၈၉၆နှင့်ဦးခင်စိုး ဖုန်း–၀၉–၅၁၃၆၄၈၁ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် ဇန်နဝါရီ ၁၆ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်) အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ရေးနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆင်မင်းဘိလပ်မြေစက်ရုံတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ကြွေရည်သုတ်မတ်ခွက်၊ ဇလုံ၊ ပန်းကန်နှင့် ထမင်းချိုင့်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတီးလ်ပုံဖော်ပုံလောင်းဌာန၊ ကြွေမီးဖိုဌာန၊ ပန်းမှုတ်၊ ပန်းကပ်ဌာန၊ ချေးချွတ်ဌာန၊ စတီးလ်အနားကွပ်ဌာန၊ ကြွေကြိတ်ဌာန၊ ထုပ်ပိုးဌာနနှင့် စတီးလ်အရောင်တင်ဌာနများ၌ စတီးလ်ပစ္စည်းများနှင့် ကြွေရည်သုတ်ပစ္စည်းများ ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံမှ တစ်နှစ်လျှင် ကြွေရည်စိမ်ပစ္စည်း တန် ၇၅၀၊ စတီးလ်အိမ်သုံးနှင့် ဆေးရုံသုံး စတီးလ်ပစ္စည်း တန် ၅၀၀ ထုတ်လုပ်ရန်စက်များ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်ဆင်ထားသည်။ စက်ရုံမှ ပုံမှန်ထုတ်လုပ်သည့် စတီးလ်အိမ်သုံးပစ္စည်းများနှင့် ဆေးရုံသုံးစတီးလ်ပစ္စည်းများအပြင် လက်ဆေးကန်၊ မျက်နှာသစ်ကန်နှင့် စတီးလ်ပေါင်းအိုး အမျိုးမျိုးတို့ကိုလည်း တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ပြီး စတီးလ်ဓာတ်ဘူး၊ အအေးဘူးနှင့် စတီးလ်ပိုက်လုံး၊ လေးထောင့်စတီးလ်ပိုက်လုံးများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ထပ်မံတိုးမြှင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်ကုန်း) ကျောက်ဆည်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသော စက်ရုံမှ ထုတ်လုပ်သည့် အင်ဂျင်များနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက စက်ရုံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံ၏ ထုတ်လုပ်နိုင်မည့်စွမ်းအား၊ ဝန်ထမ်းအင်အား၊ လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေ၊ စက်မှုလယ်ယာကူးပြောင်းရေးအတွက် လက်တွန်းထွန်စက်လိုအပ်ချက်နှင့် တောင်သူများလက်ဝယ်ပိုင်ဆိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း၌ အင်ဂျင်နှင့် ဂီယာအိမ် အစိတ်အပိုင်းများ စက်စားခြင်း၊ အင်ဂျင်တပ်ဆင်ခြင်း၊ အင်ဂျင်စမ်းသပ်ခြင်းနှင့် ဆေးသုတ်ခြင်း၊ ဂီယာနှင့် ရှက်အမျိုးမျိုး စက်စားခြင်း၊ ဒိုင်ပုံစံများ၊ ဆူးသွား၊ ဆောက်သွားများ ပြုပြင်ခြင်း၊ စက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သံထည်ပစ္စည်း၏ အမာသတ္တိပြုပြင်ခြင်း၊ သံရည်ကျိုသဲများ ပြုပြင်ခြင်း၊ သဲပုံစံများ၊ သဲအူဆန်များပြုလုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံး မီးဖိုဖြင့် သံရည်ကျိုခြင်း၊ ပုံလောင်းခြင်း၊ စက်ရုံမှထုတ်လုပ်သည့် စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ကြက်ဆူဆီမှ ချောဆီ (Bio Lubricant) ထုတ်လုပ်ထားသည့် ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ အင်ဂျင်ဝိုင်နှင့် Cutting Oil တို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါစက်ရုံမှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလကုန်အထိ လယ်ယာ (၁၆)နှင့် (၂၂) ထွန်စက် ၂၃၀၇စီး၊ ဒီဇယ်အင်ဂျင် (မြင်းကောင်ရေ ၁၆ မှ ၂၂) ၂၃၀၇ လုံး၊ စပါးရိတ်စက် ၄၅ စီး၊ ဓားစက်ထွန် ၂၃၀၇ ခု၊ နှစ်သွားလင်ပန်းထယ် ၅၀၁ ခု၊ သုံးသွားထယ်လည် (ပါဝါထယ်) အခု ၅၀၀၊ သယ်ပို့ယာဉ် (Farm Truck) ငါးစီးနှင့် ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) သုံးစီးတို့ကို ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်မင်းဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စက်ရုံရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ရရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တော်ဝင် ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်)မှ စက်ရုံမှူး ဦးမျိုးဝင်းက ပလတ်စတစ်ရက်ထည်အိတ် ထုတ်လုပ်ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံမှ စက်ရုံမှူးကြီး ဦးစိုးတင်က ဆင်မင်း(၁) ဘိလပ်မြေစက်ရုံနှင့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံတို့၏ ကုန်ထုတ်လုပ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍအပိုင်းရော ပုဂ္ဂလိကစက်မှုကဏ္ဍအပိုင်းများပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများဖြင့် တိုက်တွန်းအားပေးလျက်ရှိနေကြောင်း၊ ကျောက်ဆည်စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသည့် စက်ရုံထွက်ကုန်များသည် နိုင်ငံတော်၏တည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပြည်သူများ၏ ကျန်းမာရေး၊ စားဝတ်နေရေး စသည့်လိုအပ်ချက်များကို အတိုင်းအတာများစွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အပြင် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံ ထွက်ကုန်ပစ္စည်းများ စနစ်တကျဖြင့် အရေအတွက်ရော အရည်အချင်းပါ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန် အခါမလပ်လမ်းညွှန်မှုများ ချမှတ်ပေးလျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ရေး၊ စက်စွမ်းအားရှိသမျှ ထုတ်ကုန်ပစ္စည်းများ အပြည့်အဝထုတ်လုပ်ရေး၊ စက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ပင်ရရှိအောင် စီမံဆောင်ရွက်ရေး၊ ကုန်ထုတ်လုပ်မှုစရိတ် သက်သာလျော့ကျစေရေး၊ ဝင်ငွေနှင့်သုံးငွေ အချိုးမျှတရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း၊ ဈေးကွက်တင်ပို့ရောင်းချရာတွင်လည်းကောင်း အလေအလွင့်မရှိအောင်၊ မသမာမှုများမရှိအောင် ကြီးကြပ်ဆောင်ရွက်ရေး၊ ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ မီးဘေး၊ရေဘေး၊လေဘေး စသည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စက်ရုံအလုပ်ရုံတာဝန်ခံများ၊ ဌာနတာဝန်ခံများအနေဖြင့် မိမိတို့စက်ရုံအတွင်း အခါမလပ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်ကြရေး စသည့် ရေရှည်ရေတို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားထားကြောင်း။

ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့စက်ရုံ ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကုန်ကျစရိတ် လျော့နည်းကျဆင်းရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ဈေးကွက်လိုအပ်ချက်များ သုံးစွဲသူများအကြိုက်ရှိစေရန်နှင့် လိုအပ်ချက်များအတိုင်း အံဝင်ခွင်ကျ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် သမားရိုးကျ ထုတ်လုပ်နေခြင်းမျိုးမဟုတ်ဘဲ အမြဲမပြတ်တီထွင်ကြံဆပြီး မိမိစက်ရုံ ပိုမိုတိုးတက်သည်ထက် တိုးတက်မှုရှိအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့် စက်ရုံအတွင်း လှည့်လည် ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့ တန် ၅၀၀ ကျဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ချိန်းကြိုးဌာန၊ ဖရိုးဗိုးဌာန၊ ခြေနင်းဌာနနှင့် ပဒေါင်းဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အပ်ချုပ်စက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ အပ်ချုပ်စက် အစိတ်အပိုင်းများထုတ်လုပ်မှု၊ ပုံထောင်းနှင့် ပုံလောင်းဆောင်ရွက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်နေမှုနှင့် ကြက်ဆူဆီမီးဖို စမ်းသပ်တီထွင်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယခုအခါ ကျောက်ဆည်စက်မှုနယ်မြေတွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်ကုန်း)၊ ဘိလပ်မြေစက်ရုံ သုံးရုံ၊ ပလတ်စတစ်စက်ရုံ နှစ်ရုံ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးစက်ရုံ(မင်းစု)၊ အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ မီးခံအုတ်စက်ရုံနှင့် စက်ဘီးစက်ရုံတို့က စက်ရုံထွက် ကုန်ပစ္စည်းများကို တစ်နိုင်ငံလုံးသို့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံရုံး စစ်သံမှူး Colonel, Manoj Mukund Naravaneနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေဆိပ်ခန်းမဆောင်၌ ချစ်ကြည်ရေးပြိုင်ပွဲဝင် မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာ့တပ်မတော်(ကြည်း) ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့သည် ယခုချစ်ကြည် ရေးပြိုင်ပွဲတွင် ခြေရည်တူ၊ လက်ရည်တူဖြင့် နှစ်နိုင်ငံ တပ်မတော် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ယှဉ်ပြိုင် နိုင်ခဲ့ကြ၍ ရည်မှန်းချက်အောင်မြင်ခဲ့ကြောင်း၊ ယခုချစ်ကြည်ရေးပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကိုအခြေခံ၍ အားသာချက်များကို ပိုမိုအားသာစေရန်နှင့် အားနည်းချက်များကိုပြုပြင်၍ အားသာမှုဖြစ်လာစေရန် သုံးသပ်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ လာမည့်ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်နှင့် တပ်မတော်၏ဂုဏ်တို့ကို မြှင့်တင်နိုင်ရေးအတွက် တပ်မတော်သားများပီပီစိတ်ဓာတ်၊ စည်းကမ်း၊ ခွဲ၊ လုံ့လဝီရိယ အပြည့်ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းလေ့ကျင့်သွားကြရန်လည်းမှာကြားလိုကြောင်း။

ယခုချစ်ကြည်ရေးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်အားကစားအဖွဲ့ဝင်များအနေဖြင့်လည်း တပ်မတော်လက်ရွေးစင်အဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်များအဖြစ်သို့ တက်လှမ်းသွားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါချစ်ကြည်ရေးပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်(ကြည်း) ဘောလုံးအသင်းသည် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှစ်ပွဲနှင့် မြန်မာ့တပ်မတော်(ကြည်း)ဘော်လီဘောအသင်းသည် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲလေးပွဲတို့ကို ခြေရည်တူ၊လက်ရည်တူဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါက်တာခင်သီတာ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုထူးပန် ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးကျော်ဌေးက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးကျော်ဌေးနှင့် ဇနီး ဒေါ်ခင်ထွေးမိသားစုက ငွေကျပ်သိန်း၃၀၀၀ကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေထံလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်ခင်စု၊ သား၊ သမီး၊ မြေး၊မြစ် မိသားစုတို့က ငွေကျပ်သိန်း ၁၇၅၀ ကို ဝန်ကြီး ဒေါက်တာကျော်မြင့်ထံလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်စန်းစန်းနှင့် မောင်နှမတစ်စုတို့က ငွေကျပ်သိန်း ၁၀၀၀ကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါက်တာခင်သီတာထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဖျားနာကုသဆောင် (၃) သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် ယနေ့လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၅၇၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၃)၊ သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူရှင် မန္တလေးမြို့နေ ဒေါ်ခင်စု သား၊ သမီး၊ မြေး၊ မြစ် မိသားစုတို့က အလှူငွေကျပ်သိန်း ၁၇၅၀ကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပဲခူးမြို့နယ် အနန္တစကြာဝဠာရာဇမုနိ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး တောင်ခြေရှိ ကမ္ဘာလုံး၌ခြ တည်ထားကိုးကွယ်လျက်ရှိသော အနန္တစကြာဝဠာရာဇမုနိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၇ ရက်တွင် အဆိုပါစေတီပရဝဏ်၌ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်အပါး ၂၅၀ တို့အား အလှူရှင် ရန်ကုန်တိုင်း သန်လျင်မြို့နေ အရပ်ဆရာအောင်–ဒေါ်နှင်းရည်ကျော်၊ သား ဘုန်းပြည့်ကျော်နှင့် မိသားစုတို့က အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ချောတိုင်တက်ပြိုင်ပွဲများကိုကျင်းပရာ သုံးယောက်တွဲ ချောတိုင်တက်ပြိုင်ပွဲတွင် ပထမဆုတို့ကို ဒေးစွန်ပါကျေးရွာနှင့် ရန်ကုန်မြို့တို့က ရရှိကြပြီး အလှူရှင်မိသားစုက ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ညပိုင်းတွင် ဒေသခံပြည်သူများအား ပဲခူးမြို့ စိန်အောင်နိုင်အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ–အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အုံကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာခုကာရီဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ဆရာကြီး ဦးသန်းရွှေ(ဒလ–အုံကြီး)နှင့် တပည့် ဦးကျော်ဇေယျာမြင့်(ဓမ္မရသရိပ်သာ)တို့က စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း သာသနာ့ဗိမာန်တော်ကြီးတွင် ဖေဖော်ဝါရီ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ထူးခြားသည့် ညအပူချိန်များ

(၂၁–၁–၂၀၀၈)

အမ်း၊ ဟားခါးနှင့် လွိုင်လင်
၂ ဒီဂရီစင်တီဂရိတ်စီ

နမ့်စန်
၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်း၊ ဟဲဟိုးနှင့် မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်စီ

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်း ယခုအထက(၃) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

မိတ္ထီလာတပ်မတော်ကလေးများအထက်တန်းကျောင်း ယခု အထက (၃)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီထိ အမှတ်(၁၈၅) ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်ရှိ မိုးညှင်းဝိပဿနာတိုက် စိန်တိုးဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ပွဲသို့ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွှန့်(အကြံပေး) ဖုန်း–၀၉၈၀ ၃၁၀၁၄၊ ကိုဇော်နေဝင်း ဖုန်း–၂၁၂၁၉၆၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း–၂၁၅၅၀၁/၀၂၊ ကိုသန်းထိုက် ဖုန်း–၂၁၁၃၀၉၊ ကိုသောင်းဟန် ဖုန်း–၅၉၀၅၇၅၊ ကိုထိန်ဝင်း ဖုန်း–၂၅၆၆၃၅ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁–၂၀၀၈ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ ဆိုကြမယ်၊ပျော်ကြမယ်
၅:၅၀ ၇။ တိပိဋကသာသနာ့အာဇာနည်ပေါ်ထွန်းစေဖို့ရည်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၆:၅၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မြူခိုးဝေဝေချစ်သက်တည်” (အပိုင်း–၁၇)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စေတမန်” (အပိုင်း–၁၉)**
၁၆။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ထူးထူးခြားခြားမှတ်တမ်းဝင်ဖြစ်ရပ်များ

သံချိတ်ဖြင့် အရေပြားကိုချိတ်ပြီး ကားကိုဆွဲသူ

သံချိတ်နှစ်ချောင်းဖြင့် ကျောပြင်မှ အရေပြားကိုဖောက်ချိတ်ပြီး ၄တန် (၈၈၀၈ပေါင်)လေးသည့် မာစီးဒီးဗင်ကားတစ်စီးကို ၉၁ ဒသမ ၄မီတာ (ပေ ၃၀၀)အကွာအဝေးအထိ ရောက်အောင်ဆွဲပြီး ကမ္ဘာ့မှတ်တမ်းဝင်အောင် စွမ်းဆောင်ခဲ့သူမှာ ဂျာမနီနိုင်ငံသား ဟန်နီဘယ်ဟယ်မာတို**(အောက်ပုံ)** ဆိုသူဖြစ်ပြီး လန်ဒန်မြို့တွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၄ရက်က စွမ်းရည်ပြသခဲ့ခြင်းဖြစ်သည်။

မီးဖိုပေါ်မှ ခြေဗလာဖြင့်လျှောက်သူ

ချစ်ချစ်တောက်ပူနေသော Hot Plate ပြားများပေါ်မှ ဖြတ်ကာ ၁၉ဒသမ၁မီတာ(၆၂ပေ ၈လက်မ)အကွာအဝေး အထိရောက်အောင် လမ်းလျှောက်ကာ ကမ္ဘာ့မှတ်တမ်းဝင်အောင် စွမ်းရည်ပြသသွားသူမှာ ဂျာမနီနိုင်ငံသား ရိုက်ဖ်အိုင်ဗင်**(အပေါ်ပုံ)**ဖြစ်သည်။ ၎င်းစွမ်းရည်ပြပွဲကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၉ရက်က ဂျာမနီနိုင်ငံ ကိုလုံးမြို့၌ ပြသခဲ့ခြင်းဖြစ်သည်။

ရေခဲအတွင်း အဝေးဆုံးကူးနိုင်သူ

နယ်သာလန်နိုင်ငံသား ဝင်မ်ဟော့ဖ်**(အောက်ပုံ)** သည် အပူချိန် (–၆)ဒီဂရီဆဲလ်ဆီးယပ်စ်ရှိသည့် ရေခဲနေသည့် ရေပြင်တွင် ၁မိနစ်၊ ၁စက္ကန့်အတွင်း အကွာအဝေး ၁၇ဒသမ၅မီတာ(၁၈၈ပေ ၇လက်မ)ရောက်အောင် ကူးခတ်ခြင်းဖြင့် ရေခဲရေအတွင်း အဝေးဆုံးရောက်အောင် ကူးနိုင်သူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။ ဝင်မ်ဟော့ဖ် သည် ရေကူးဝတ်စုံနှင့်မျက်မှန်မှအပ မည်သည့် အထောက်အကူပစ္စည်းမှ မပါပေ။



HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int 'l Education Center တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ Horizon League ဘတ်စကက်ဘော ပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်က ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် Cow Boy အသင်းက Last Vampire အသင်းကို ၈၁-၄၂ မှတ်၊ The Gyuts အသင်းက WHO အသင်းကို ၆၃-၄၉ မှတ်၊ KKS အသင်းက GB အသင်းကို ၁၀၅-၄၈ မှတ်၊ Shadows အသင်းက CCY အသင်းကို ၆၁-၅၇ မှတ်၊ Red Star အသင်းက Filipino အသင်းကို ၇၉-၅၂ မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသားပြိုင်ပွဲတွင် Red Star အသင်းနှင့် Filipino အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်း ရွှေတံဆိပ်ဆုရ ကျော်ဦးနှင့် အောင်ဆန်းဦး အတွဲအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အောင်ပွဲရ ဘိလိယက်အဖွဲ့ကို ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာဘိလိယက်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲက ကန်တော်မင် စားသောက်ဆိုင်၌ ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် အောင်ပွဲရ အားကစားသမားများ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်းက ရွှေတံဆိပ်ဆုရ ကျော်ဦးနှင့် အောင်ဆန်းဦး အတွဲအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းစီကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ဦးက ကြေးတံဆိပ်ဆုရ နေသွေးဦးအား ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာဘိလိယက်အဖွဲ့သည် အရှေ့တောင်အာရှပြိုင်ပွဲ၌ ကျော်ဦးနှင့် အောင်ဆန်းဦး အတွဲက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲမှ ရွှေတစ်ခု၊ နေသွေးဦးက ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခုတို့ ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ (ကြေးမုံ)

ဇန်နဝါရီ ၂၁ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းမှူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ မိုလ်လုပွဲနှင့် ဆုပေးပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၂)

ကော့မှူးမြို့နယ် ဖရုံချောင်ကျေးရွာ အမကတွင် ဇန်နဝါရီ ၁၆ ရက်က အာစရိယပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမရရှိသူ မောင်စွမ်းထက်မြင့်ခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းခိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြေးမုံ The Mirror မှုခင်းသတင်းများ

ဒိုင်နာ(ကင်တာ)နှင့် ဟီးနိုး(အမြန်ယာဉ်) နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍ ခရီးသည်များ ဒဏ်ရာရရှိ

ရွှေတောင် ဇန်နဝါရီ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရဲစခန်းတောင်ဘက် ဝါးတောကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ ပြည်-ရန်ကုန်လမ်း မိုင်တိုင်အမှတ် (၆/၁၆၅) အနီးတွင် ဇန်နဝါရီ ၁၆ ရက် ည ၇ နာရီ မိနစ် ၂၀ က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ပြည်မြို့မှ ရန်ကုန်ဘက်သို့ ဖိုးဖြူ မောင်းနှင်လာသော ၂ခ/၃၈၄၅ ဒိုင်နာ(ကင်တာ) အဖြူရောင်နှင့် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ရဲနိုင် မောင်းနှင်လာသော ၈/၁၃၉၁ ထိပ်တန်းဟီးနိုးအမြန်ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ယာဉ်နှစ်စီးလုံး တိမ်းမှောက်ခဲ့ပြီး ထိပ်တန်းဟီးနိုး အမြန်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်ဦးတင်နွယ်၊ ဦးညိုကြီး၊ ဦးရဲနိုင်၊ ဦးလှမိုး၊ ဦးအေးသောင်း၊ ဦးမျိုးဆန်း၊ မဥမ္မာ၊ ဒေါ်ငွေကြည်၊ ဒေါ်လှအုန်း၊ မသန်းဝင်း၊ မခင်နှင်းဝေ၊ ဒေါ်သေးသေး၊ ဒေါ်ခင်အေး၊ ဒေါ်လှလှဝင်း၊ ဒေါ်အေးသန်း၊ ဦးအောင်မြင့်စိုး၊ ဦးရဲဝင်း၊ ဦးလွင်မိုး၊ မောင်ဖိုးကို၊ ဦးကောသလ္လ၊ ဒေါ်လှလှစိန်၊ ဦးတင်ဝင်း၊ ဦးပိုင်စိုးဦး၊ ဦးမောင်ထွေး၊ ကိုကျော်သန်း၊ ကိုလှလှလေး၊ ဦးကျော်လှိုင်၊ မအေးအေးနွဲ့၊ ဒေါ်သိန်းထွေး၊ မဝင်းဝင်းစန္ဒာ၊ မသီတာ၊ ဦးကျော်ညွှန့်၊ မခင်သန္တာဝင်း၊ မကြည်လင်အောင်၊ မတူး၊ မခင်ငြိမ်း၊ မရွှေစင်၊ မဝေဝေခိုင်၊ မစိန်မြင့်၊ မကျင်သိန်း၊ သန်းဇော်ဦး၊ မဝင်းဝင်းအေးတို့တွင် ဒဏ်ရာအသီးသီးရရှိကြပြီး ၂ခ/၃၈၄၅ ဒိုင်နာ(ကင်တာ) ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဇော်မင်းထွန်းတွင် ဒဏ်ရာရ၍ ရွှေတောင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့လိုက်ရသည်။

ယင်းအမှုနှင့် ပတ်သက်၍ ယာဉ်မောင်း နှစ်ဦးအား ရွှေတောင်ရဲစခန်းမှ (ပ) ၁၁/၀၈ ပြစ်မှု ပုဒ်မ ၃၃၇/၃၃၈ အရ တရားလို တာဝန်မှူး ဒုရဲအုပ် ကြည်လွင်က အမှုဖွင့်ကာ အမှုစစ်စခန်းမှူး ရဲအုပ်ခင်ညိုက စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၄၃)

ညီအစ်ကိုနှစ်ဦး ရေဆင်းကူးရာမှ ရေနစ်သေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၁

ဆိပ်ကမ်းမြို့နယ် စဥ့်အိုးတန်း သမ္ဗန်ဆိပ်အနီးတွင် ကလေးအလောင်း နှစ်လောင်း ရေစီးနှင့်အတူ မျောပါလာကြောင်း သတင်းအရ ယမန်နေ့ည ၈နာရီ ၅ မိနစ်တွင် ဆိပ်ကမ်းမြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူ နှစ်ဦးမှာ အလက(၆) စမ်းချောင်းတွင် ပညာသင်ကြားနေသော ညီအစ်ကိုနှစ်ဦးဖြစ်သည့် မောင်လာက်မျက်လျှန် (၁၁) နှစ်နှင့် ညီဖြစ်သူ မောင်မွန်ဇာလျှန် (၉)နှစ်တို့ဖြစ်ပြီး ကျွန်းတောအလယ်ရပ်ကွက် စမ်းချောင်းမြို့နယ်တွင် နေထိုင်ကြောင်း၊ ၎င်းတို့သည် ယမန်နေ့နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဗားကရာ(၁) ဖောတံတား လှိုင်မြစ်ရေပြင်တွင် ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ အလောင်းများကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံကြီးမှ လာက်မျက်လျှန်ကို ပီအာရ် ၀၄၉ ဖြင့်လည်းကောင်း၊ မွန်ဇာ၂န် အား ပီအာရ် ၀၉၅ ဖြင့်လည်းကောင်း လက်ခံစစ်ဆေးလျက်ရှိပြီး ဆိပ်ကမ်းရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၅/၂၀၀၈ဖြင့် အမှုဖွင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုမ္ပဏီပိုင်ငွေ အလွဲသုံးသူနှစ်ဦးကို အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၁

ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း FJVCC ရုံးတွင်းရှိ ICID Department Myanmar Golden Rock International Co., Ltd. မှ ကုမ္ပဏီဝန်ထမ်း နှစ်ဦးဖြစ်သည့် အောင်ဇော်လတ် (၂၇)နှစ် အင်းစိန်မြို့နယ် နေသူနှင့် စည်သူ (၂၅)နှစ် ဗဟန်းမြို့နယ် နေသူတို့သည် ၁၆-၁၀-၂၀၀၇ နေ့နောက်ပိုင်းမှစ၍ ကုမ္ပဏီသို့ လာရောက်တာဝန်ထမ်းဆောင်ခြင်း မရှိသဖြင့် စုံစမ်းရာမှ အောင်ဇော်လတ်သည် ကုမ္ပဏီပိုင်ငွေ ၇၇၅၂၉၀၃ ကျပ်နှင့် စည်သူသည် ငွေ ၂၂၅၂၂၁၈ ကျပ်နှင့် အက်ဖ်အီးစီ ၁၅၆ ယူနစ်တို့အား ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းခြင်းမရှိဘဲ အလွဲသုံးစားပြုလုပ်ပြီး တိမ်းရှောင်နေခြင်းဖြစ်ကြောင်း သိရ၍ ကုမ္ပဏီမန်နေဂျာ ဦးဝင်းမိုးကျော်က တရားလိုပြုလုပ်၍ ဗိုလ်တထောင်ရဲစခန်းသို့ ၁၈-၁-၂၀၀၈ တွင် အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၈ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄း၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄း၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄း၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅း၀၀** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅း၁၅** ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅း၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆း၂၅** ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- **၆း၃၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒီလှိုင်းနှင့်အတူ (အပိုင်း-၁၁)**
- **၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိန်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၂၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ ပြည်သူ နှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းကျေးရွာအုပ်စု၊ အမှတ် (၅)ရပ်ကွက်နေ အဘ ဦးတင်အောင်၏သား ကိုကြည်စိုး အသက် (၄၃)နှစ်နှင့် အဘ ဦးထွန်းစိန်၏သမီး မဆွေဆွေဝင်း အသက် (၃၁)နှစ်တို့သည် ထင်းတိုက်ရန် လှည်းဖြင့် နေအိမ်မှ ထွက်ခွာလာစဉ် ကော့ပြင်ကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်၌ သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း တစ်လုံးကို နင်းမိပေါက်ကွဲခဲ့ပြီး လှည်းပေါ်ပါလာသူ ကိုကြည်စိုး၏ ညာဘက်ခြေထောက် ခြေချင်းဝတ်နှင့် မဆွေဆွေဝင်း၏ ညာဘက်လက်တို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။

ရှင်းလင်းဆောင်ရွက်

အဆိုပါ မိုင်းထိဒဏ်ရာရရှိကြသည့် ကိုကြည်စိုးနှင့် မဆွေဆွေဝင်းတို့အား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လိုက်လှဲဝမ်းမြောက်ဝမ်းသာဂုဏ်ယူခြင်း

သာယာဝတီ ဂေါက်ကလပ်၏ ကပ္ပတိန် **ဦးထင်ကျော် (သာယာဝတီ ကြွေပြားနှင့် ပန်းကန်စက်ရုံမှူး)** သည် နိုင်ငံတော်မှ **"စီမံထူးချွန် (ဒုတိယဆင့်)"** ချီးမြှင့်ခြင်းခံရသည့်အတွက် ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူကြပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဝန်ထမ်းများအကျိုးအတွက် ဆတက်တိုး၍ ထမ်းဆောင်နိုင်ပြီး ပို၍ပို၍ မြင့်မားသော ဂုဏ်ပြုချီးမြှောက်ခြင်းခံရပါစေကြောင်း ဆန္ဒပြုဆုတောင်းကြပါသည်။

သာယာဝတီဂေါက်ကလပ်အဖွဲ့သားများ

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၀၈)ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း** (ပုသိမ်အသင်းဥက္ကဋ္ဌ) အား **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီး စံတင်(ငြိမ်း) +ဒေါ်သိန်းသိန်းစံ
ဦးမျိုးမြင့်စိန်+ဒေါ်သန်းသန်းဆွေနှင့်
စိမ်းလဲ့တင် Hotel Resort & Zoo Garden ဝန်ထမ်းများ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်၊ ရှမ်းပြည်နယ်)** အား **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ သာသနာ့ဒါယကာကြီးနှင့် မိသားစု သာသနာ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမောင်နီ(ခ) ဦးရင်ရွှေ-ဒေါ်လှိုင်
(ဖန်ပုလင်းအမျိုးမျိုးထုတ်လုပ်ရေး ဖန်ချက်စက်ရုံ)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

နိုင်ငံတော်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့်
"သုဓမ္မသီဂီ" ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော
Jewel Rock (Gems & Diamond) စိန်ရတနာလုပ်ငန်းပိုင်ရှင်

ဒေါ်မာမာ

အတွက်

ဝမ်းမြောက်ကြည်နူးကြောင်း ဆုတောင်းပတ္ထနာ ဂုဏ်ပြုလွှာ

ကုသိုလ်ပန်းမျိုး ✤ ကြိမ်ကြိမ်ပျိုး၍
ပွားတိုးစဉ်ဆက် ✤ ဖူးငုံထွက်လာ
ခက်ဖြာစည်ပင် ✤ ဥဒါန်းတင်လျက်
မပျက်ထာဝရ ✤ အနဂါမိက
မြတ်ဒါနနှင့် ✤ သာသနာ့အကျိုး
ပွားတိုးဆောင်ရွက် ✤ စွမ်းဆောင်ချက်ကြောင့်
ပေးဆက်အပ်နှင်း ✤ ဘွဲ့တော်ကျင်းပ
"သုဓမ္မသီဂီ" ✤ ထိန်ကြည်ပဝင်း
ငွေလမင်းနှယ် ✤ ပြည့်ကြွယ်ဖြိုးလှ
ဂုဏ်ပေါင်းခသဖြင့် ✤ ဘဝသက်တမ်း
ရာကျော်လွှမ်းကာ ✤ ရှင်လန်းကြည်သာ
မင်္ဂလာဖြင့် ✤ ဘေးရန်ကွာရှင်း
ကျန်းမာခြင်းနှင့် ✤ မယွင်းတိုးတက်
ရှေ့သို့ဆက်၍ ✤ မျိုးဆက်သာသနာ
ပြုနိုင်ပါစေ ✤ ဆုပန်ခြွေသည်

အောင်မြေနိဗ္ဗူ - တိုင်စေသော် ။ ။

ခင်ပွန်း ✤ ဦးထွန်းထွန်းဦး (သဒ္ဓမ္မဇောတိကဓဇ)
ချစ်သမီးလေး ✤ မြတ်ပွင့်ဖြူသင်း (ခ) Ivory (Grade-5K-I.S.Y)
အမှတ် (၁၉)၊ ကမ္ဘာ့ဇရိပ်သာ
ရွှေတောင်ကြား(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈)ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ အကျိုးတော်ဆောင်အဖွဲ့ဝင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ဆွေဦး** အား **"သုဓမ္မသီဂီ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ လှိုက်လှိုက်လှဲလှဲ အထူးဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့်
ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့

ဂုဏ်ပြုဆုမွန်လွှာ

သာသနာတော်အကျိုးကို ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့၍ နိုင်ငံတော်မှ **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် အပ်နှင်းချီးမြှင့်ခြင်းခံရသော **ဦးသက်နိုင် (မင်းသီတာကုမ္ပဏီ)** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ...။

ဖေဖေ – ဗိုလ်ကြီးခင်မောင်ကြီး(ငြိမ်း)-မေမေ ဒေါ်ခင်ကြည်
– ဒေါက်တာဇော်မြင့်ဦး(ရုပ်ရှင်)၊ မသီတာဦးနှင့်
– ညီအစ်ကိုမောင်နှမများ (ရွှေပေါက်ကံ)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာဘရူဝါရီလီမိတက်စက်ရုံ၏ ISO 22000: 2005 လက်မှတ်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ နိုင်ငံတကာအသိ အမှတ်ပြုလက်မှတ်များ မြောက်မြားစွာ ရရှိပါစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

မေဂျာခင်မောင်ရင် ကုမ္ပဏီ

ရှင်ဥပဂုတ္တ ရေမျှောပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

သယ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ရတနာလမ်း အောင်မိသားစု ဆွမ်းလောင်းအသင်းမှ ကျင်းပသော ဆဌမအကြိမ် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်အား ရေမျှောပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖူးမြော်ကြည်ညိုသဒ္ဓါပွားများလိုသူများနှင့် လှူဒါန်းလိုသူများ ဦးသိန်းမြင့်ဖုန်း-၅၇၈၅၁၄၊ ဦးမျိုးကြင် ဖုန်း-၅၇၀၅၄၉၊ ဦးရွှေ ဖုန်း-၀၉ ၅၀ ၁၃၆၉၉တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

လိှုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၈)ဖြင့် ၂၀၀၈-ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ အုပ်ချုပ်မှု ဒါရိုက်တာ၊ အမျိုးသားဂေါက်သီးလေ့ကျင့်ရေး (မြန်မာ)လီမိတက်** အား **“လူမှုထူးချွန် (ဒုတိယဆင့်)”** ချီးမြှင့်ခြင်းခံရသည့်အတွက် လိှုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အမျိုးသားသယံဇာတဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ

လိှုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ၂၀၀၈-ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး တွဲဖက်အတွင်းရေးမှူး(၂)၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသားဂေါက်သီးလေ့ကျင့်ရေး (မြန်မာ) လီမိတက်** အား **“လူမှုထူးချွန် (ဒုတိယဆင့်)”** ချီးမြှင့်ခြင်းခံရသည့်အတွက် လိှုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံနှင့်သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

အ-ထ-က(၂) ရန်ကင်းမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် **ဦးသိန်းဝင်း** (ကုန်သည်၊ ၉၇၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ ၈ရပ်ကွက်၊ ရန်ကင်း)အား **“လူမှုထူးချွန် ဒုတိယဆင့်”** ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း မှတ်တမ်းတင် အပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာဆရာမများ
အ-ထ-က(၂)ရန်ကင်း

သုဓမ္မသိင်္ဂီ ဒေါ်နန်းဖူးအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈) ဖြင့် **“ဒေါ်နန်းဖူး”**အား**“သုဓမ္မသိင်္ဂီ”** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက် မိပါသည်။ လာမည့် အနာဂတ်ကာလများတွင်လည်း နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆက်လက် သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လိှုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ချစ်မိတ်ဆွေများ - ဦးခင်-ဒေါ်ရှုကြည်
ဦးခင်မောင်ကျော်-ဒေါ်နီနီ
ဦးမျိုးလွင်-ဒေါ်ခင်မမငွေး

PROMOTION
(Computer Training Centre)

အမှတ်-ရ၉၊မြေညီ+ပထပ်(ညာ)၊ ၃၈လမ်း(အောက်)၊ကျောက်တံတားမြို့နယ်။ဖုန်း၀၉၅၀၃၃၇၅၀

Auto Cad (Inter, Advanced), 3Dsmax (Modeling, Rendering, Animation, Entertainment),PIC,PLC A+ Hardware, Basic Sortware Programming, Java,C++ MYOB, ACCPAC, Video Editing, Sound Editing, English 4-skills (Basic, Pre-Inter, Intermediate, Advanced),IELTS (Foundation, Preparation), TOFEL ICCI (I, II, III) (Feb 1to3 10% Discount)

မြန်မာပြည်မှာ တစ်ကျောင်းတည်းသာရှိတဲ့ New Course [3D Studiomax For Video, T.V Broadcart, Game, Film Effect] (Basic, Advanced) ကို ကျွမ်းကျင်တဲ့ဆရာ **Dr.သူရသိန်းတင်** ကိုယ်တိုင် စနစ်တကျသင်ကြားပေးသည်။ ။ နေ/စားဘော်ဒါဆောင်ရှိသည်။ ပုံမှန်၊ အမြန် Special အထူးသင်တန်းရှိသည်။

Computer & Languages
Glory Hope Education Centre
20% Off 22.1.08 to 27.1.08

Application Courses
- Essential Office Course
- Layout Design Course
- DTP
- Internet & E- Mail

Professional Courses
- Hardware Engineering Course A+
- Network Engineering Course
- Advanced Network Course
- Linux

English Speaking
အချိန်တိုအတွင်း ပြောထွက်နိုင်စေရန် Shortcut မှုများဖြင့် ထိထိမိမိ သင်ကြားပေးပါမည်။

Chinese Speaking
Phonetic (PinYin) ဖြင့်အသံထွက် အမှန်ကန်ဆုံး ထွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးပါမည်။

ချမ်းသာပလာဇာ(ဒုတိယထပ်) - ပုဇွန်တောင်ဈေးနှင့် စာတိုက်မှတ်တိုင်ကြား) PH: 200086, 203436, Ext: 2206, 2207, 2214 HP: 095045242, 095150582

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ရွာနှင့်
ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀၇)၊ အောင်သုခလမ်းနေ
ဦးစိန်ညွှန့်-ဒေါ်ပိုပိုတို့၏သားကြီး၊ ဦးနီ(ခ)ဦးမင်းစိန်-ဒေါ်တင်တင်ထွေးတို့၏ ညီ၊ မောင်

မောင်စိုးသက်

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၉)၊ ညောင်ပင်လမ်းနေ
ဦးကိုလေး MMG (JETTY)-ဒေါ်ရှုလွင်တို့၏ သမီးကြီး

မအိဂျူလိုင်(ခ)အိအိ B.A (Geo.)

တို့သည် ၁၉-၁-၂၀၀၈ ရက်(စနေနေ့)တွင် နှစ်ဖက်သောဂုဏ်သရေရှိ လူကြီး မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက် မိဘများနှင့်
မောင်စိုးသက်-မအိဂျူလိုင်(ခ)အိအိ

ဥတ္တရာသီ တောကိုမှီ၏

မင်္ဂလာဆုတောင်း

ယုန်လေးနှင့် မသစ်သစ်တို့၏ ၂၂-၁-၂၀၀၈ ရက်တွင် ကျရောက်သည့် (၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ရာသက်ပန်ရိုးမြေကျ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝလေး ရရှိနိုင်ပါစေလို့ ဆန္ဒပြုလျက် -

ချစ်ဖေဖေ - ဦးနီ(ခ)ဦးသောင်းမြင့်
ချစ်သော - ကိုကို၊ မသန်း၊ မအေး၊ ဒေါက်တာစိုးဝင်း-ဒေါက်တာညွန့်ညွန့်ဝေ၊ ကိုဝင်းဦး-မစိုး၊ မနိုင်၊ မယဉ်၊ ကိုဝင်း-မသီဂ္ဂီအောင်
ချစ်သော တူ၊ တူမများ - ဂျူးဂျူး၊ ကိုသားကြီး၊ ဖူးဖူး၊ သားငယ်၊ ဆုမွန်၊ သေးသေးလေး

မင်္ဂလာညှိ့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်ဉာဏ(၃)လမ်း၊ အမှတ်(၄၂)နေ
ဦးသိန်းမြင့်-ဒေါ်တင်ရီတို့၏ သားထွေး

မောင်အောင်မျိုးထွန်း(ခ)ထွန်းထွန်း B.A (Geog)
Director, Myanmar Business Centre Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၅၁)Aနေ
ဦးတင်ထူး-ဒေါ်နုနု
(T.H ထူးထူးလျှပ်စစ်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ဖြန့်ဖြူးရေး)
တို့၏ တစ်ဦးတည်းသောသမီး

မအေးနန္ဒာအောင်
B.A(Law) LL.B,Dip in Business Law

တို့အား ၁၃-၁-၂၀၀၈ ရက်တွင် Panda Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဥပဒေရုံး၊ တိုင်းဥပဒေအရာရှိ ဦးဇေယျအားလည်းကောင်း၊ ၂၀-၁-၂၀၀၈ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှိ့ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ (ဒါရိုက်တာ၊ စီးပွားရေးဦးပိုင်လီမိတက်)နှင့် ဒေါ်ခိုင်ဝါ(ယဉ်ကျေးမှုတက္ကသိုလ်)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းနိုင်နှင့်ဒေါ်သင်းသင်းအောင်(ရွှေအိမ်စံအိမ်ဆောက်ပစ္စည်း)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသီချင်းသီဆိုပေးသော တေးသံရှင် စိမ်းမိုမို၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ အစစအရာရာ စိတ်ပါလက်ပါ စေတနာအပြည့်ဖြင့် ကူညီဖြည့်ဆည်းပေးသော ချစ်မမ ဆရာမ ဒေါ်စန္ဒာအောင်၊ အန်တီလှဲ့၊ မမဆွေဇင် (ဆိုလ်ပြည်စတားစည်သူ စားသောက်ဆိုင်)၊ ဓာတ်ပုံ ဗီဒီယို ဝဏ္ဏခွာနီး၊ Forever ၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဆင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှ ကိုမာ၊ ခင်စန်းဝင်းတို့အားလည်းကောင်း၊ ဖိတ်စာရိုက်ကူးပေးသော ရဲလင်းထွန်း၊ မမဇင်မာ၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော Forever ၊ Yes I do ၊ (Panda) ဟိုတယ်မှ မမယု၊ မတင်မိုးလွင်၊ မမြရတနာမိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာပန်းကြဲပေးသော မအိသဥ္ဇာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မငြိမ်းအိအိပြည့်၊ မကျော့ကေခိုင်ထွေး၊ သတို့သားအရံ ကိုသီဟအောင်၊ သတို့သမီးအရံ မကေသီဝင်း၊ Yuzana နှင့်(Panda)ဟိုတယ်မှဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဗိုလ်ကြီးခင်မောင်ထွေးနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာညှိ့ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ Panda Hotel တွင် ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ခြင်းမပြုနိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်မျိုးထွန်း-မအေးနန္ဒာအောင်

ကျိုက္ကလော့ စေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန် မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် ရွှေပေါင်းသမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီးတွင် (၃၃)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ရှိ အာရုံခံတန်ဆောင်း၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး စေတီတော်မြတ်ကြီး၏ (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၄ ရက်မှစတင်၍ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂ ရက်(စနေနေ့) ညနေ ၃နာရီတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

(၅၂၃)

အခက်အခဲ စီမံခန့်ခွဲခြင်းမှ အခက်အခဲ ဦးဆောင်ခြင်း ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍စီးပွားရေးနှင့် စီမံခန့်ခွဲရေး အသိပညာပေးဟောပြောပွဲများကို စနေနေ့တစ်ပတ်ခြား ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးဌာန ဒုတိယဌာနမှူး ပါမောက္ခဒေါ်ခင်စန်းရီက အခက်အခဲစီမံခန့်ခွဲခြင်းမှ အခက်အခဲကိုဦးဆောင်ခြင်း (FROM CRISIS MANAGEMENT TO CRISIS LEADERSHIP)ကို ဟောပြောမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈) ဖြင့် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် အစ်ကိုဖြစ်သူ **ဒေါက်တာအောင်လွင်**(မန်နေဂျင်းဒါရိုက်တာ) နှင့် **"လူမှုထူးချွန် (ပထမဆင့်)"** သုံးနှစ်ဆက်တိုက် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် ညီဖြစ်သူ **ဦးလှသန်း**(ဒါရိုက်တာ) ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် မြိတ်မြို့ တနင်္သာရီတိုင်းတို့အား လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုများနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

DR. အောင်သန့်	**MD (Companion International Co.,Ltd.)**
DR. မြန်လင်း	**MD (Lin Star Co., Ltd.)**
DR. နေစိုးမောင်	
DR. သိန်းဝင်း	**High Point Computer**
DR. ဝင်းအောင်	**Australian Education Agent MD(Boomerang Co.,Ltd.)**
DR. မြင့်ဟန်	အထူးကုသမားတော်ကြီး၊ တွဲဖက်ပါမောက္ခ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
DR. အောင်စံဖြိုး	ရင်ခေါင်းခွဲစိတ်အထူးကုဆရာဝန်ကြီး(မြောက်ဥက္ကလာဆေးရုံကြီး)
DR. တင်ဝင်း	ပါမောက္ခ/ဌာနမှူး **(Department of Ophthalmology) University of Medicine (I) Yangon**
DR. ကိုကိုသန့်	ပါမောက္ခ/ဌာနမှူး **[Dept of Ophthalmology, University of Medicine(II)Yangon.]**
DR. ကြည်ထိန်	
DR. ဉာဏ်ထွန်း	
DR. သန်းသန်းအေး	သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး(ပုသိမ်ပြည်သူ့ဆေးရုံကြီး)
DR. သင်းနွယ်အေး	**MD (Royal Ruby Co., Ltd)**
DR. ထွန်းလွင်	

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်နေ ဦးတင်မောင်ကြူ-ဒေါ်အေးအေးသင်း
တို့၏သားကြီး

မောင်အောင်လင်းကြူ Final Year [History]
(ခေတ္တ U.S.A)

နှင့်

ရန်ကုန်မြို့၊ FMI City ၊ ပဒေသာပင်မြို့တော်နေ ဦးစိန်လှဦး - ထိပ်တင်တော်လေးတို့၏ သမီးငယ်

မချောစုဝေ [B.Pharm.] [Pun Hlaing International Hospital]

တို့သည် ၁၉-၁-၂၀၀၈ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့်
မောင်အောင်လင်းကြူ-မချောစုဝေ

မြူမှုံလဲခင် ရေတလောင်ခွဲ ပါးလှိုင်ခင်ခင် အရိုပ်မဲ့သံစဉ်လက် အောင်မြင်စာပေ

စင်္ကာပူနိုင်ငံတွင် အလုပ်လုပ်ရန်

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **သုခစုစ်ကုမ္ပဏီ** ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်္ကာပူနိုင်ငံရှိ **Engineering** ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များကို

အလုပ်ရှင်ကိုယ်တိုင် ဇန်နဝါရီလကုန်တွင် လာရောက်ရွေးချယ်ခေါ်ယူပါမည် . . .

စဉ်	လိုအပ်သော ရာထူးများ	အရေ အတွက်	လစာ (တစ်လလျှင်)	ဝန်ဆောင်ခ	လိုအပ်သောအရည်အချင်း
၁။	Welder (ဂဟေဆက်လုပ်သား)	ကျား(၃၀)ဦး	S$ 600 + S$ 100 + OT	S$ 1500 + Air Ticket	အမှတ်စဉ်အားလုံးအတွက် - သက်ဆိုင်ရာလုပ်ငန်းတတ်ကျွမ်း၍ အင်္ဂလိပ်စကားပြောနိုင်သည့် အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
၂။	General Fitters (စက်ပြင်/စက်ဆင်လုပ်သား)	ကျား(၇၀)ဦး	S$ 400 + S$ 100 + OT	S$ 1500 + Air Ticket	

"နိုင်ငံကူးလက်မှတ် မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။"

[မတတ်ကျွမ်းသူများအတွက် စာမေးပွဲသင်တန်း ရှိသည်]
ကာယကံရှင်ကိုယ်တိုင် ကုမ္ပဏီနှင့်ဆက်သွယ်စုံစမ်းပါ။

သုခစုစ် ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

အမှတ်(107) မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
☎: 392233/253298/385758/386877 Website: www.tksstkss.com

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားအလိုရှိသည်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ROYAL FOUR SEA SERVICES CO,.LTD. OVERSEAS EMPLOYMENT AGENCY က မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေ လုပ်သားများလိုအပ်ပါသည်။

၁။ လုပ်ငန်းအမျိုးအစား - ဆောက်လုပ်ရေး (Hamajaya Construction)
လိုအပ်သောဦးရေ - ၁၀ ဦး
အသက်အပိုင်းအခြား - အသက်(၂၀-၃၅)နှစ်
အခြေခံလစာ - တစ်နေ့(၂၈-၃၆)ရင်းဂစ်

မှတ်ချက် ။ ။ ငွေကြေးအခက်အခဲရှိသူများ တစ်ဝက်စနစ်ဖြင့်ဆောင်ရွက်ပေးမည်။

၂။ လုပ်ငန်းအမျိုးအစား - ကုန်ထုတ်လုပ်ရေး (SIRI HWA AGENCY)
လိုအပ်သောဦးရေ - ၅၀ ဦး
အသက်အပိုင်းအခြား - အသက်(၂၀-၃၅)နှစ်
ပညာအရည်အချင်း - အခြေခံပညာအလယ်တန်း
အခြေခံလစာ - တစ်နေ့(၂၇)ရင်းဂစ်

၃။ လုပ်ငန်းအမျိုးအစား - ဆောက်လုပ်ရေး (KIM SENG BUILDING & CONSTRUCTION)
လိုအပ်သောဦးရေ - ၅၀ ဦး
အသက်အပိုင်းအခြား - အသက်(၂၀-၃၅)နှစ်
အခြေခံလစာ - တစ်နေ့(၂၈-၃၆)ရင်းဂစ်

"အသေးစိတ်သိလိုပါက"

ROYAL FOUR SEA SERVICES CO,. LTD.
အမှတ်(၃၄၈)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၄၄၉၊ ၀၁-၅၅၇၉၁၆၊ ဖက်စ်-၀၁-၅၅၂၁၁၆၊
H / P ၀၉-၅၁၄၅၇၅၈၊ ၀၉-၅၁၇၉၂၁၉

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိန္ဒိယတပ်မတော်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိန္ဒိယသမ္မတနိုင်ငံ၌ အိန္ဒိယတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအသင်းတို့နှင့် ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမဆောင်၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ အိန္ဒိယတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအသင်းတို့နှင့် ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေခေါင်းဆောင်သည့် အဖွဲ့ဝင် ၃၈ ဦးပါ မြန်မာ့တပ်မတော်အားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲဝင် မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော် ဘော်လီဘောအသင်းတို့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ကမ္ဘာ့အပါးလွှာဆုံး ခရီးဆောင်ကွန်ပျူတာ အက်ပယ်လ်ကုမ္ပဏီထုတ်လုပ်



အင်တာနက် နည်းပညာသတင်း

ပေကျင်း ဇန်နဝါရီ ၂၁

ကမ္ဘာတွင် အပါးလွှာဆုံးကွန်ပျူတာတစ်မျိုးကို အက်ပယ်လ်ကုမ္ပဏီကထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ထိုကုမ္ပဏီ၏အကြီးအကဲ စတိဗ်ဂျော့ဗ်က အင်္ဂါနေ့တွင် ပြောကြားသည်။ **(ဓာတ်ပုံ)**

အက်ပယ်လ်ကုမ္ပဏီ၏ကမ္ဘာ့အပါးလွှာဆုံးကွန်ပျူတာကို မက်ဘုတ်ခ်အဲ(Mac Book Air)ဟုအမည်ပေးထားသည်။ ယင်းပါးလွှာသောကွန်ပျူတာသည်အထူဆုံးနေရာ၌ ၁ ဒသမ ၉၃ စင်တီမီတာရှိပြီး အပါးလွှာဆုံးနေရာတွင် ၀ ဒသမ ၄၁ စင်တီမီတာသာ ရှိသည်။ ထိုကွန်ပျူတာငယ်ကို မက်ဝေါလ်အိတ်စပိုကွန်ပျူတာပြပွဲ၌ ပြသခြင်းဖြစ်သည်။

ပါးလွှာသောကွန်ပျူတာငယ်တွင် စီဒီများနှင့်ဒီဗွီဒီများကို ဖွင့်နိုင်သည့် ပစ္စည်းကိရိယာပါရှိခြင်းမရှိပေ။ ထိုကွန်ပျူတာ၏ ဖန်သားပြင်မှာ ၁၃ ဒသမ ၃ လက်မအရွယ်အစားရှိပြီး အလေးချိန်မှာ ၁ဒသမ၃၆ကီလိုဂရမ်ရှိသည်။ ယင်းတွင်တပ်ဆင်ထားသော ဘက်ထရီသည် ငါးနာရီကြာအသုံးခံပြီး တန်ဖိုးမှာ ၁၇၉၉ ဒေါ်လာဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror တို ခန္ဓာကိုယ်ပြင်ပ၌ နှလုံးပါရှိလာသူ

အသက်(၃၃)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား ခရစ္စတိုဖာဝေါလ်ဆိုသူ၏နှလုံးသည် မွေးစဉ်ကတည်းက ခန္ဓာကိုယ်တွင်း၌မတည်ရှိဘဲ ထူးခြားစွာ ခန္ဓာကိုယ်ပြင်ပ၌ ပါရှိလာသည်။ အများအားဖြင့် ယင်းသို့သောဖြစ်စဉ်တွင် ၄၈နာရီထက်ပို၍ အသက်မရှင်နိုင်ဟု ဆိုသော်လည်း ခရစ္စတိုဖာဝေါလ်မှာမူ ယနေ့တိုင် ရှင်သန်လှုပ်ရှားလျက်ရှိသည်ဟု ဆိုသည်။ *[မြန်မာနိုင်ငံတွင်လည်း မကြာမီက မွေးဖွားသော ကလေးငယ်တစ်ဦး၏ နှလုံးမှာ ခန္ဓာကိုယ်ပြင်ပ၌ ပါရှိလာကြောင်း ကြားသိရသည်။]*

- ★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
- ★ RFA VOA BBC အဖျက်သမားများ သတိထား
- ★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား